မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၆ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ထွက်ခွာ

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မေ ၆ ရက်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုဖြင့် တားဆီးပါ

မျက်မှောက်ကာလတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတုများ ပြောင်းလဲမှုနှင့်အတူ အထူးဂရုစိုက်ကြရမည်မှာ ပြည်သူတို့၏ ကျန်းမာရေးဖြစ်သည်။ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုများဖြင့် နေထိုင်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းလည်း အပါအဝင်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး မိုးရာသီ၌အဖြစ်များသော ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရောဂါပိုးသယ်ဆောင်ထားသည့် ခြင်ပုန်း၊ ခြင်ကျား ကိုက်ခြင်းကြောင့် ကူးစက်ခံရခြင်းဖြစ်ပြီး ရုတ်တရက်ဖျားတတ်သည်။ နှစ်ရက်မှ ခုနစ်ရက်ခန့်ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း စသည့် လက္ခဏာများသည် သာမန်သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများဖြစ်သည်။

ဖျားနေရာမှ ရုတ်တရက်အဖျားကျပြီး ခြေဖျားလက်ဖျား အေးစက်လာခြင်း၊ မှိန်းနေခြင်း၊ သွေးလန့်သည့် လက္ခဏာဖြစ်ခြင်း စသည်တို့သည် လူနာအတွက် အသက်အန္တရာယ်ရှိနိုင်သဖြင့် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသသင့်သည်။ ဖျားနေခြင်းမှ သွေးယိုစီးသည့် လက္ခဏာဖြစ်သည့် အရေပြားပေါ်တွင် အနီစက်ကလေးများ ထွက်ခြင်း၊ သွားဖုံးမှ သွေးယိုစီးခြင်း၊ အန်သည့်အခါ အဖြူရောင်အရည်ထဲ၌ ကော်ဖီအဖတ်ကဲ့သို့ အညိုရောင်အမှျင်များ၊ အဖတ်ကလေးများပါလာခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်းတို့ဖြစ်ပါက ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက် ကုသမှုခံယူရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးပိုး သယ်ဆောင်လာသည့် ခြင်ကျား၊ ခြင်ပုန်းခေါ်သည့် အေးဒီး(စ်)ခြင်များသည် ရေကြည်၊ ရေသန့်၌ ပေါက်သည့် အလေ့ရှိသည်။ အိမ်တွင်းအိမ်ပြင် ရေဝပ်နေသည့် နေရာ၊ ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ လုံလုံခြုံခြုံမဖုံးထားသည့် ရေပုံး၊ ရေအိုး၊ ရေကန်၊ ဘူးခွံများ၊ ပုံးခွံများရှိ ဝပ်နေသည့် ရေများထဲတွင် အေးဒီး(စ်)ခြင်၏ ပိုးလောက်လမ်းများကို တွေ့နိုင်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်းနှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်)ဆောင်ရွက်ခြင်းကို ပြည်သူများက မိမိတို့၏အိမ်နှင့် အိမ်ပတ်ဝန်းကျင်တွင် ပါဝင်ဆောင်ရွက်ပါက သွေးလွန်တုပ်ကွေးရောဂါကူးစက်မှု လျော့နည်းစေနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သွေးလွန်တုပ်ကွေးရောဂါသည် တစ်ကြိမ်ဖြစ်ပြီးပါက နောက်ထပ်လည်းဖြစ်လာနိုင်သဖြင့် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်မှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို အလေးထားလိုက်နာကာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုအားပေး

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ တိုင်းရင်းဆေးရုံ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ တိုင်းရင်းဆေးရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၃ ရက် နံနက် ၉ နာရီက မုံရွာမြို့ တိုင်းရင်းဆေးရုံ တိုးချဲ့လူနာဆောင် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးရုံအုပ်ကြီး ဦးနေအောင်နှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းကျွမ်းကျင်ရေး၊ ဆေးရုံ သန့်ရှင်းသာယာလှပရေး၊ သန့်လေးသန့်ဆောင်ရွက်ရေးတို့ကို မှာကြားကာ တိုင်းရင်းဆေးရုံ၌တက်ရောက်ကုသမှုခံယူလျက်ရှိသောလူနာများအား ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး တရားလွှတ်တော်ရုံးနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးအဆောက်အအုံများ ပြုပြင်ဆောက်လုပ်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ရမည်းသင်းမြို့နယ်၌ ကျင်းပ

ရမည်းသင်း မေ ၅

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို မေ ၅ ရက် နံနက် ၈ နာရီခွဲက ရမည်းသင်းမြို့ မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

မှတ်တမ်းတင်ဂုဏ်ပြု

အခမ်းအနား၌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က မီးသတ်တပ်ဖွဲ့နေ့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** မီးသတ်လုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသော ဦးအောင်ဇော်ဦး (စံချိန်ရောင်းဝယ်ရေး)၊ ဦးအောင်အောင် (ရွှေမြင့်မိုရ် ရွှေသန့်စင်လုပ်ငန်း)၊ ဒေါ်မေဇင်သန့် (လန်းဆန်းသောက်ရေသန့်နှင့် အမေထွေးခန်းမ)တို့အား ဌာနဆိုင်ရာတာဝန်ရှိသူများက မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချိန်ခါမရွေး သတိပေး

မီးဘေး ကင်းဝေးမှာ

လက်ပံတန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၇ ရက်က လက်တွေ့လေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးညွန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝင်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မူလတန်းကြိုကျောင်း ပဒေသာကပွဲ ပြည်မြို့၌ ကျင်းပ

ပြည် မေ ၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် လူမှုဝန်ထမ်း ဦးစီးဌာနမှ ကြီးမှူး၍ မူလတန်းကြိုကျောင်း ပဒေသာကပွဲကို ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီက ပြည်မြို့ ထျန့်ဟိုကုန်းခန်းမ၌ ကျင်းပသည်။

ဖျော်ဖြေ

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီးနောက် မူလတန်းကြိုကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုအသိုက်အဝန်း လုံခြုံရေးနှင့် ဘေးအန္တရာယ် ကျရောက်နိုင်မှု လျှော့ချရေးတို့တွင် မီးသတ်တပ်ဖွဲ့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ ဘေးအမျိုးမျိုး၏ စိန်ခေါ်မှု ကြီးမားလာသည်နှင့်အမျှ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ထက်မြက်ရေးသည်လည်း ယခင်နှင့် မတူဘဲ ပိုမိုအရေးကြီးလာကြောင်း၊ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များသည် လက်ရှိစိန်ခေါ်မှုများသာမက အနာဂတ်တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများအတွက်လည်း "မိမိတို့တွင် အမြဲတာဝန်ရှိသည်" ဟူသော စိတ်ဓာတ်ကို ခံယူကျင့်သုံးလျက် လူသားများ၊ ပစ္စည်းများသာမက သက်ရှိ သတ္တဝါမှန်သမျှ ပျက်စီးဆုံးရှုံးမှု နည်းပါးသက်သာစေရေးအတွက် ယခင်ကထက် ပိုမိုထိရောက်စွာ တားဆီးကာကွယ်ကယ်ဆယ်နိုင်ရန် သန္နိဋ္ဌာန်စိတ်ထား စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search & Rescue Team)များကို မီးသတ်တပ်ဖွဲ့ဝင်များဖြင့် လေ့ကျင့်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး စွမ်းရည်ပြသမှုတွင် ဂက်စ်အိုးမီးလောင်မှုကို မီးငြိမ်းသတ်ခြင်း၊ လျှပ်စစ်မီးလောင်မှုနှင့် ဓာတုဗေဒဓာတ်ပြုမှုကြောင့် မီးလောင်မှု (Chemical Reaction) မီးလောင်မှု သရုပ်ပြသခြင်း၊ အထပ်မြင့်မီးလောင်မှုတွင် အသက်ကယ်ဆယ်ရေး သရုပ်ပြသခြင်း၊ ရေတွင်း အသက်ကယ်ဆယ်မှု သရုပ်ပြသခြင်း၊ လေမွေ့ရာ (Air Mattress) ဖြင့် ကယ်ဆယ်ခြင်း၊ တောမီးလောင်မှုတွင် ငြိမ်းသတ်ခြင်း၊ ကျေးလက်ဒေသ မီးလောင်မှု ငြိမ်းသတ်ခြင်း၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ်စီး သရုပ်ပြသခြင်းစသော မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး စွမ်းရည် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးပြီး မီးသတ်ပစ္စည်းကိရိယာပြခန်းသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၅	၈။	အကပြိုင်ပွဲ
၈:၄၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀	၃။	တေးဂီတအစီအစဉ်
၄:၃၀	၄။	နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅:၁၅	၈။	နှောင်းခေတ်တေးပဒေသာ
၅:၃၀	၉။	**ရိုးသားဖြူစင်ကလေးတို့အသွင်**
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ)(အပိုင်း-၃၀)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**လျှပ်တစ်ပြက်ဟာသများ**
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၄)
	၁၉။	**သီချင်းချစ်သူ** (ယုဇန)

အလယ်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၆ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ချီးမြှင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ရဲသူရိန်ဆုတံဆိပ်ရရှိသူအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သက်တန်းအလိုက် မျိုးဆက်သစ်လူငယ် တံခွန်စိုက် စစ်တုရင်ပြိုင်မည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် သက်တန်းအလိုက် မျိုးဆက်သစ်လူငယ် တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မေ ၂၅ ရက်မှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက် ၈ နှစ်အောက်၊ ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်၊ ၁၆ နှစ်၊ ၁၈ နှစ်နှင့် ၂၀ အောက် အတန်းများ ပါဝင်ကြမည်ဖြစ်ရာ ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် သက်တန်းအလိုက် မျိုးဆက်သစ်လူငယ် စစ်တုရင်အားကစားသမားများသည် မေ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းသို့ စာရင်းသွင်းရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဥတုရာသီ တောကိုမှီ၏

ကမ္ဘာ့အမြင့်ဆုံးဟိုတယ် ဟောင်ကောင်၌ဖွင့်

ဟောင်ကောင် မေ ၅

တရုတ်နိုင်ငံ ဟောင်ကောင်၌ ရစ်ဇ်ကာလ်တန် အမည်ရှိ ကမ္ဘာ့အမြင့်ဆုံးဟိုတယ်ကို မေ ၃ ရက်၌ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ (အပေါ်ပုံ)

အမြင့်ဆုံး

အထပ်ပေါင်း ၁၁၂ထပ်ရှိပြီး ဧည့်သည်များအတွက် အခန်းပေါင်း ၃၁၂ ခန်းရှိရာ လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဟိုတယ်ပင်ဖြစ်သည်။ အမြင့် ၄၉၀ မီတာရှိသော ၎င်းဟိုတယ်ကို ဆမ်ဟန်ကိုင်းကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဟိုတယ်တည်းခိုခအနေဖြင့် အဆင့်မြင့်ဟိုတယ်အခန်းအတွက် တစ်ညလျှင် ဟောင်ကောင်ဒေါ်လာ ၆၀၀၀ သတ်မှတ်ထားပြီး နိုင်ငံအကြီးအကဲပုဂ္ဂိုလ်များအတွက် ဧည့်ခန်းတွဲလျက်ပါရှိသော အထူးအဆင့်မြင့်ခန်းကို တစ်ညလျှင် ဟောင်ကောင်ဒေါ်လာ ၁၀၀၀၀၀ သတ်မှတ်ထားသည်။

တည်ဆောက်

ရစ်ဇ်ကာလ်တန် ဟိုတယ်ကို တည်ဆောက်သည့်ကုမ္ပဏီသည် တရုတ်ပြည်မကြီးရှိ ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိူ၊ ရှန်ကျင့်နှင့် ဆန်ယာမြို့များတွင်လည်း ဟိုတယ်ရှစ်လုံး တည်ဆောက်လျက်ရှိသည်။ (အင်တာနက်)

ဆန်စပါး၏မူလဇာစ်မြစ် မျိုးတစ်မျိုးသာရှိကြောင်း သိပ္ပံပညာရှင်များတွေ့ရှိ

နယူးဒေလီ မေ ၅

လူတို့ နေ့စဉ်စားသုံးနေသော ဆန်စပါး၏ မူလဇာစ်မြစ်သည် တစ်မျိုးတည်းသာရှိကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်။

ဆန်အမျိုးအစားပေါင်း ထောင်ချီရှိကြောင်း လူသိများခဲ့သော်လည်း မူလမျိုးဖြစ်သည့် O. rufipogon မှ ထင်ရှားပြီး အဓိကကျသည့် မျိုးစိတ်နှစ်မျိုးကိုပွားခဲ့ခြင်းသာ ဖြစ်သည်ဟုဆိုသည်။ အဆိုပါ အဓိကဆန်စပါးမျိုးကွဲ နှစ်မျိုးမှာ Oryza Sativa Japonica နှင့် O. Sativa Indica တို့ဖြစ်သည်။ ယင်းစပါးမျိုးကွဲနှစ်မျိုးကို အာရှတိုက်ဒေသအချို့တွင် မျိုးပွားပြီး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကွဲပြားသွား

Japonica မျိုးသည် ဆန်မွှေးဖြစ်ပြီး Indica ဆန်မျိုးမှာ ဆန်မွှေးမဟုတ်ဘဲ ဆန်ရှည်ဟုဆိုသည်။ နိုင်ငံတကာဆန်စပါး သုတေသနအဖွဲ့က ဆန်စပါးများ၏ မျိုးဗီဇများကို အခြေခံပြီး လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုဆန်စပါးမျိုးနှစ်မျိုးမှာ မူလက တစ်မျိုးတည်းဖြစ်ပြီး အိန္ဒိယ သို့မဟုတ် တရုတ်နိုင်ငံတို့တွင် အခြားသော တောရိုင်းဆန်နှင့် မျိုးစပ်ရာမှ ကွဲပြားသွားခြင်းဖြစ်သည်ဟု ဆိုသည်။

ဆန်စပါးကို လွန်ခဲ့သော နှစ် ၉၀၀၀ခန့်က တရုတ်နိုင်ငံတွင် ပထမဆုံးစိုက်ပျိုးခဲ့ကြကြောင်း ပီအင်န်အေအက်စ်ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

ရှေးခေတ်က ကုန်သည်များအနေဖြင့် တရုတ်မှဆန်များကို အိန္ဒိယလယ်သမားတို့အား ရောင်းချခဲ့ကြောင်း၊ ယင်းဆန်စပါးများကို ဒေသဆန်ရိုင်းတို့ဖြင့် မျိုးစပ်လိုက်သဖြင့် ဆန်စပါးမျိုးကွဲနှစ်မျိုးဖြစ်လာကြောင်း၊ ယင်းဆန်စပါးများမှာ မူလက O. rufipogon တောရိုင်းဆန်မှ ဆင်းသက်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

လူမှောင်ခိုတင်သွင်းမှုနှင့်တရားမဝင်ငါးဖမ်းမှုဟန့်တားရန် အာရှ ၁၀ နိုင်ငံ ပင်လယ်ပြင်လုံခြုံရေးပူးတွဲလေ့ကျင့်

ဂျကာတာ မေ ၅

လူမှောင်ခိုတင်သွင်းမှုနှင့် တရားမဝင်ငါးဖမ်းခြင်းများကို တားဆီးဟန့်တားနိုင်ရေးအတွက် အင်ဒိုနီးရှားက ကမကထပြုလုပ်ကာ အာရှ ၁၀ နိုင်ငံတို့ပူးပေါင်းပြီး လေးရက်မြောက် ပင်လယ်ပြင်ပူးတွဲလေ့ကျင့်မှုတစ်ရပ် ပြုလုပ်လျက်ရှိကြောင်း အင်ဒိုနီးရှားမီဒီယာများက မေ ၃ ရက်၌ ဖော်ပြသည်။

ပြုလုပ်

စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ပါပူဝါနယူးဂီနီ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်၊ တီမောလက်စ်တေနှင့် အင်ဒိုနီးရှားတို့ စုပေါင်းပြီး ပင်လယ်ပြင်ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်သည်။

တိုးမြှင့်

ထိုသို့ လေ့ကျင့်ရာတွင် နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ ဒေသဆိုင်ရာဆက်သွယ်ရေးတိုးမြှင့်လာရန်နှင့် ပင်လယ်ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်များထုတ်ပြန်ရာတွင် နိုင်ငံအချင်းချင်း ချိတ်ဆက်မိနိုင်ရန် စသည့်ရည်ရွယ်ချက်များ ထားရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဩစတြေးလျအနောက်ပိုင်း၌ မြစ်ကူးတံတားကို သင်္ဘောဝင်တိုက်မိ

ဆစ်ဒနီ မေ ၅

ဩစတြေးလျနိုင်ငံအနောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ဖရီမင့်လီမြို့တွင်ရှိသော မြစ်ဖြတ်ကူး ရထားလမ်း တံတားတစ်စင်းကို သင်္ဘောတစ်စင်းက မေ ၃ ရက်၌ ဝင်တိုက်မိခဲ့ကြောင်း ဩစတြေးလျအသံလွှင့်ဌာနက မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

လောင်စာဆီများတင်ဆောင်လာသော ပါမီလီရာ-၁ အမည်ရှိ သင်္ဘောသည် မေ ၃ ရက် နံနက် ၆ နာရီ မိနစ် ၃၀ တွင် ယင်းတံတားနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ (ယာပုံ) ထိုသို့ တိုက်မိခဲ့ခြင်းကြောင့် ရထားသံလမ်းများ ထိခိုက်ပျက်စီးခဲ့ပြီး ခရီးသည်နှင့်ဝန်ထမ်းများ သွားလာရေးထိခိုက်ခဲ့ရသည်။

ထိုဖြစ်ရပ်ကြောင့် ရထားသံလမ်းနှင့် တံတားအစိတ်အပိုင်းများ ပျက်စီးခဲ့ကြောင်း၊ ရထားပြေးဆွဲမှု ရပ်ဆိုင်းထားရကြောင်း ဩစတြေးလျနိုင်ငံမှ ပြည်သူ့သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်ပိုင်နက်စ်က ပြောကြားသည်။ တံတားနှင့်ဝင်တိုက်မိသော သင်္ဘောမှလောင်စာဆီများ ယိုဖိတ်ခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အပိုင်စီးခံထားရသော အင်ဒိုနီးရှားသင်္ဘော ဆိုမာလီဓားပြများပြန်လွှတ်ပေး

နိုင်ရိုဘီ မေ ၅

အပိုင်စီးခံထားရသော အင်ဒိုနီးရှားကုန်တင်သင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အီးယူပင်လယ်ဓားပြတိုက်ဖျက်ရေးအဖွဲ့က မေ ၅ ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

၎င်းကုန်တင်သင်္ဘောမှ အင်ဒိုနီးရှားသင်္ဘောသား ၂၀ လည်း ပြန်လည်လွှတ်ပေးလိုက်ကြောင်း၊ ၄၆ ရက်ကြာ ပင်လယ်ဓားပြများ၏ အပိုင်စီးထားမှုခံခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အင်ဒိုနီးရှားကုန်တင်သင်္ဘောကို ယခုနှစ်ပြီးခဲ့သည့် မတ် ၁၆ ရက်က အေဒင်ပင်လယ်ကွေ့ရေပြင်၌ ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ဆိုမာလီပင်လယ်ဓားပြနှစ်ဦး စပိန်တရားရုံးက ထောင်ဒဏ်ချမှတ်

လစ္စဘွန်း မေ ၅

စပိန်ငါးဖမ်း သင်္ဘောတစ်စင်းကို အိန္ဒိယသမုဒ္ဒရာအတွင်း ၂၀၀၉ ခုနှစ်က ပြန်ပေးဆွဲ ဓားပြတိုက်မှုဖြင့် စပိန်တရားရုံးက ဆိုမာလီ ပင်လယ်ဓားပြနှစ်ဦးကို ထောင်ဒဏ် ၄၃၉ နှစ်စီ ပြစ်ဒဏ်စီရင်လိုက်သည်။

ပြန်ပေးဆွဲမှုမှသည် အကြမ်းဖက်ဓားပြတိုက်မှုအထိအပါအဝင် စွဲချက်များဖြင့် ဆိုမာလီ ပင်လယ်ဓားပြ အဘူဆီလီနှင့် အာဂျီဟာမန်တို့တွင် အပြစ်ရှိကြောင်း စပိန်တရားရုံးက မေ ၃ ရက်တွင် ဆုံးဖြတ်လိုက်ပြီး ထောင်ဒဏ် ၄၃၉ နှစ်စီ ပြစ်မှုစီရင်လိုက်ခြင်းဖြစ်သည်။ထို့အပြင် ငါးဖမ်းသင်္ဘောပေါ်လိုက်ပါသူတိုင်းကို နစ်နာကြေး ယူရိုတစ်သိန်းစီ ပေးရန်လည်း ဒဏ်ငွေရိုက်လိုက်သည်။

ငါးဖမ်းသင်္ဘောပေါ်တွင် စပိန်နိုင်ငံသား ၁၆ ဦး အပါအဝင် သင်္ဘောသား ၃၆ ဦး လိုက်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

● မိုးမြင့်လင်းလက် --- စုစည်းသည် ●

ကက်စပီယံ ပင်လယ်ပိုင်နက်လုံခြုံရေး ရုရှားက စစ်သင်္ဘောများဖြန့်ချ

မော်စကို မေ ၅

ကက်စပီယံပင်လယ်ပြင်ပိုင်နက် လုံခြုံရေးအတွက် ဒုံးကျည်တင်ရေယာဉ်အသစ်နှစ်စင်းနှင့် စစ်သင်္ဘောသုံးစင်းကို ရုရှားနိုင်ငံက တိုးမြှင့်ဖြန့်ချရန် စေလွှတ်လိုက်ကြောင်း ရုရှားစစ်ဘက်အရာရှိ တစ်ဦးက မေ ၅ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

ကက်စပီယံပင်လယ်ကမ်းခြေမြို့ဖြစ်သည့် အက်တရာခန်မြို့တွင် ကျင်းပသည့် ပင်လယ်ရေကြောင်းဆိုင်ရာအဖွဲ့၏အစည်းအဝေး၌ ၎င်းက ပြောကြားခြင်းဖြစ်သည်။

ကက်စပီယံပင်လယ်လုံခြုံရေးအတွက် ၂၀၁၀ ခုနှစ်အထိ စစ်သင်္ဘောနှင့် ဒုံးကျည်တင်ရေယာဉ် ၁၆ စင်း ရှိနေပြီး အဆိုပါစစ်သင်္ဘောနှင့် ဒုံးကျည်တင်ရေယာဉ်များကို ကက်စပီယံပင်လယ်ဆိပ်ကမ်းမြို့များဖြစ်သည့် မာခါကာလာနှင့် အက်တရာခန်မြို့ ရေတပ်အခြေစိုက် စခန်းများ၌ ဖြန့်ချထားသည်။

ကက်စပီယံ ပင်လယ်ဝန်းကျင်တွင် အဇာဘိုင်ဂျန်၊ အီရန်၊ ရုရှား၊ တာ့ခ်မင်နစ္စတန်နှင့် ကာဇက်စတန်နိုင်ငံများ တည်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၅

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၃၀ ရက်က နိုင်ငံတော်သြဝါဒါစရိယ မိုးကုတ်မြို့ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုနန္ဒနှင့် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ရေကန်တောင်ကျောင်းတိုက် ဆရာတော် ဦးအာစာရတို့အား သွားရောက်ဖူးမြော်၍ သင်္ကန်းပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ညောင်သုံးပင်ဆရာတော် ဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တမဏ္ဍလတို့အား သွားရောက်ဖူးမြော်သည်။

တက်ရောက်

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် မေ ၁ ရက်က မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက်၌ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနနုဂ္ဂဟအသင်း(မန္တလေးတိုင်းဒေသကြီး)က ကြီးမှူးကျင်းပသည့် ရှင်အပါး ၁၀၀၀ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ဖူးမြော်

ပြည်ထောင်စုဝန်ကြီးသည် မေ ၂ ရက် နံနက်ပိုင်းက နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဝါဆိုကျောင်း ဆရာတော် ဦးအဂ္ဂိယနှင့် မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသတို့အား သွားရောက်ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး မစိုးရိမ်တိုက်သစ်အား တည်ထောင်ခဲ့သော ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ဆရာတော်ကြီး၏ ရှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် မေ ၂ ရက် နံနက်ပိုင်းက ဘီလူးချောင်းအမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံကိုလည်းကောင်း၊ အမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀) တွင် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ချင်စုမြန်မာ အထပ်သားစက်ရုံ၌ ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ချင်စုမြန်မာအထပ်သားစက်ရုံ ရော်ဘာနှင့် သီဟိုဠ်သားများကို အထပ်သားထုတ်လုပ်မည်

ရန်ကုန် မေ ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် မေ ၂ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ချင်စုမြန်မာ အထပ်သားစက်ရုံသို့ ရောက်ရှိပြီး ကျွန်း၊ သစ်မာသားများအပြင် ရော်ဘာနှင့် သီဟိုဠ်သားများကို သစ်မာအစားထိုး အထပ်သားလုပ်ယူနိုင်ရေး၊ ရော်ဘာသစ် အချောထုတ် စက်ကိရိယာများ ပြောင်းလဲတပ်ဆင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပြုလုပ်ပေးရေးတို့ကို မှာကြားပြီး အထပ်သား အကြမ်းထည်နှင့် အချောထည်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

အထူးဂရုပြုဆောင်ရွက်ရေး

ယင်းနောက် ဥဿာမြို့သစ်ရှိ (Win & Win) အထပ်သားစက်ရုံသို့သွားရောက်၍ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လုပ်သားများ၏ ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်ရေးနှင့် ကုန်ကြမ်းမှကုန်ချော ထုတ်လုပ်ရာတွင် အလေအလွင့် နည်းပါးစေရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး သွေးလှူဒါန်း

ရန်ကုန် မေ ၅

၂၀၁၁ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်စခန်းများမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂ ရက် နံနက် ၇ နာရီက မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးနှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြပြီး သွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ စစ်ကိုင်းမြို့နယ်တွင် တိုးချဲ့ဖွဲ့စည်း

စစ်ကိုင်း မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မီးသတ်မှုရေးလုပ်ငန်း၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခြင်းကို မတ် ၂၇ ရက် ညနေ ၄ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအဖွဲ့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ် မီးသတ်ဦးစီးမှူးနှင့် ရပ်မိရပ်ဖများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကြက်ခြေနီ အဖွဲ့ဝင်များ စုစုပေါင်း ၂၃ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီး အလှူရှင်ဦးဇော်ဝင်းက မီးသတ်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေရေးအတွက် CDMA. ဖုန်း-၀၉-၉၁၀ ၄၇၃၀၀ တစ်လုံး လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၀၄၀)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် စုစည်းသည်

တစ်ဦးတည်းကျန်သည့် ပထမကမ္ဘာစစ်ကာစစ်မှုထမ်း အသက် ၁၁၀ တွင် ကွယ်လွန်

ကင်ဘာရာ မေ ၅

ပထမကမ္ဘာစစ်၏ တစ်ဦးတည်းသော နောက်ဆုံးလက်ကျန်ဖြစ်သူဟု သတ်မှတ်ထားသည့် စစ်သားဟောင်းကြီး ကောလီသည် အသက် ၁၁၀တွင် သြစတြေးလျနိုင်ငံ ပါ့သ်မြို့တွင် မေ ၄ရက်က ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ပထမကမ္ဘာစစ်အတွင်း စစ်မှုထမ်းခဲ့သူများအနက် ပြီးခဲ့သည့် မတ်လက အမေရိကန်စစ်သားဟောင်းကြီး ဖရန့်ဘတ်ခ်ကဲလ်သည် အသက် ၁၁၀မှာပင် ဆုံးပါးသွားခဲ့ရာ ကောလီသည် တစ်ဦးတည်းကျန်ရှိတော့သည့် ပထမကမ္ဘာစစ်က စစ်သားဟောင်းကြီး ဖြစ်ခဲ့သည်။

ကောလီသည် ပါ့သ်မြို့ရှိ ဘိုးဘွားရိပ်သာတွင် မေ ၄ ရက် ညပိုင်းက အိပ်ပျော်နေရင်း အသက်ဆုံးပါးသွားခဲ့ခြင်းဖြစ်ကြောင်း သူ၏ သမီးဖြစ်သူက သတင်းဌာနသို့ ပြောကြားသည်။

ဗြိတိသျှနွယ်ဖွား ကလော့ဒ်ကောလီ**(အောက်ပုံ)**သည် ဗြိတိသျှရေတပ်သို့ဝင်ရောက်လျက် ပထမကမ္ဘာစစ်အတွင်း ဗြိတိသျှတော်ဝင်ရေတပ်၌စစ်မှုထမ်းခဲ့သည်။ သူသည် ၁၉၁၈ခုနှစ်တွင် ဂျာမနီရေတပ်၏ ဖမ်းဆီးခြင်းကိုလည်း ခံခဲ့ရဖူးသည်။ နောက်ပိုင်းတွင် သြစတြေးလျသို့ ပြောင်းရွှေ့ခဲ့ပြီး နှစ်ပေါင်း ၄၀ကျော် စစ်တပ်၌ အမှုထမ်းခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အီရတ်တွင် အသေခံကားဗုံးပေါက်ကွဲ ၁၆ ဦးသေဆုံး၊ ၄၀ ဒဏ်ရာရ

ဟီလာ့ချ် မေ ၅

အီရတ်နိုင်ငံ အလယ်ပိုင်းရှိ ဟီလာ့ချ်မြို့အတွင်းရှိ ရဲတပ်ဖွဲ့အား ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်မှု မေ ၅ ရက်တွင် ဖြစ်ပွားခဲ့သည်။ အသေခံဗုံးခွဲသမားသည် ဖောက်ခွဲရေးပစ္စည်းအပြည့် တင်ထားသည့်ကားကို ရဲတပ်ဖွဲ့ရှိရာ မောင်းဝင်ပြီး အသေခံဗုံးခွဲခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ ၁၆ဦးနှင့် ဒဏ်ရာရရှိသူ ၄၀ ရှိကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ဖြစ်ပွားခဲ့

ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ၉၀အကွာတွင်တည်ရှိသည့် ဘောဘီလုံစီရင်စုမြို့တော် ဟီလာ့ချ်တွင် ဖြစ်ပွားခဲ့သည့် ယင်းအသေခံဗုံးခွဲမှုသည် ရဲတပ်ဖွဲ့ဝင်များ နံနက်ပိုင်း တာဝန်ထမ်းဆောင်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပျက်စီးခဲ့

သေဆုံးသူနှင့် ဒဏ်ရာရရှိသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။ ပတ်ဝန်းကျင်တွင်ရှိနေသည့် ကားများလည်း ယင်းဗုံးကြောင့် ပျက်စီးခဲ့ပြီး ဈေးဆိုင်များလည်း ပျက်စီးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားအရှေ့ဘက်ကမ်းခြေတွင် ရဟတ်ယာဉ်ပျက်ကျ

ဆိုးလ် မေ ၅

တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသ ဂျန်ဝန်ပြည်နယ်ရှိ ဆိုဂန်းမြစ်အနီး၌ ရဟတ်ယာဉ်တစ်စင်း မေ ၅ရက် နံနက် ၁၁နာရီ ၃၂ မိနစ်က ပျက်ကျခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

ဖော်ပြ

ရဟတ်ယာဉ်ပေါ်တွင် သစ်တောဌာနမှ လေယာဉ်မှူး နှစ်ဦးလိုက်ပါသွားခဲ့ကြောင်း အဆိုပါ ရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဆိုးလ်ယွန်ဟပ် သတင်းဌာနက ဖော်ပြသည်။ ရဲတပ်ဖွဲ့က အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ရဟတ်ယာဉ်ပျက်ကျသည့်နေရာသို့ စေလွှတ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

သစ်တင်ယာဉ်များ သတ်မှတ်သစ်တိုက်လမ်းကြောင်းအတိုင်း သယ်ယူ လမ်းများမပျက်စီးစေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်

နေပြည်တော် မေ ၅

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လျာထားချက် ပြည့်မီစွာထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၃ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေ မန်နေဂျာ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးညီညီတို့က တိုင်းဒေသကြီးအတွင်း သစ်ထုတ်လုပ်မှုနှင့် ရာသီအလိုက် သစ်တိုက်လမ်းကြောင်းများ အခြေအနေ၊ သစ်တင်ယာဉ်များ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သယ်ယူမှုကြောင့် လမ်းများ ပျက်စီးရမှုနှင့် နိုင်ငံတော်က ထုတ်ပြန်ထားရှိသည့် လမ်းမကြီးများဆိုင်ရာ ဥပဒေကို လိုက်နာဆောင်ရွက်သွားရန်အခြေအနေတို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က သစ်ထုတ်လုပ်ရေးလုပ်ငန်း သယ်ယူပို့ဆောင်သော ယာဉ်များ အနေဖြင့် လမ်းများမပျက်စီးစေရန် သတ်မှတ်တန်ချိန်သာ တင်ဆောင်ရေး၊ လမ်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ဟသ်္သာတမြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်္သာတမြို့နယ် ပန်းပဲတန်းရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ဟသ်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဦးက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ကျောင်းဆောင်အလှူရှင် ဧရာဟသ်္သာကုမ္ပဏီမှ တာဝန်ရှိသူက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ဦးခွန်ကျော်မြင့်ထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်အုန်းနွဲ့က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဦးငွေဦးက အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းရှိ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပြီး ဟသ်္သာတခရိုင်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း (၂၀)အတွက် ပညာရေးငွေပဒေသာပင်များကို စိုက်ထူပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂ ရက်က တာမွေမြို့နယ် ကျားကွက်သစ် (စံပြ)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်သန့်နှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်းရှိ ရေမြောင်းများသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(၀၄၄)

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ တောင်တွင်းကြီးမြို့၌ ကျင်းပ

တောင်တွင်းကြီး မေ ၅

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် အရန်မီးသတ်တပ်ဖွဲ့ ဝတ်စုံပေးအပ်ပွဲကို မေ ၅ ရက် နံနက် ၈ နာရီက တောင်တွင်းကြီးမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုစွမ်းရည်ပြိုင်ပွဲတွင် ဆုများရရှိကြသည့် အုန်းတော(၁)၊ ရွှေကြာအင်း(၁)၊ တောင်ပြင်(၁)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ပေးအပ်

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ပံ့ပိုးသည့် အရန်မီးသတ်တပ်ဖွဲ့ ဝတ်စုံ ၂၄၀ ကို မြို့နယ် အုပ်ချုပ်ရေးမှူး ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူးက ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၁၇)

✻ ကျောဖုံးမှ

ခရီးဆုံးခါနီးမှာ ခရီးသည်တွေရဲ့ ယာဉ်လိုင်းအပေါ် သဘောထားအမြင် စာရွက်တွေကိုလည်း ဝေငှပေးပါတယ်။ ကျွန်တော်ကတော့ သတင်းထောက်ပီပီ ကောင်း၊ သင့်၊ ညံ့ဆိုတဲ့ မှတ်ချက်အောက်ဆုံးက အကြံပြုချက်အပေါ်မှာ "လုပ်ငန်းခရီးအစကဲ့သို့ပင် ဝန်ဆောင်မှုကို ထာဝရအမြဲတမ်း ဤသို့ဆောင်ရွက်ပေးနိုင်ပါရန်၊ စီးပွားရေး အမြင်မရှိသူ လုပ်ငန်းရှင်အချို့သည် လုပ်ငန်း၏ အစပိုင်းမှာသာ ဈေးကွက်ဝေစုရရှိရန် မီးကုန်၊ ယမ်းကုန် ကြိုးကြိုးသော်လည်း လုပ်ငန်းအရှိန်ရလာလျှင် တော်ရိလျော်ရိဖြစ်ကာ အဆုံးသတ်တွင် ဖောက်သည်များ ဆုံးရှုံး၍ ရရှိပြီးဈေးကွက်ပင် ဆုံးရှုံးသွားခဲ့ကြရ၏" ဆိုတဲ့ အကြံပြုချက်ကလေးကိုပါ စေတနာရှေ့ထားပြီး ထည့်ရေးပေးလိုက်မိပါတယ်။

လိုအပ်

စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲကျင့်သုံးနေတဲ့ မျက်မှောက်ခေတ်မှာ အကြီးစား၊ အသေးစား၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်တွေ၊ ပြည်သူတွေကလည်း ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်း လုပ်ဟန်များကို ပြောင်းလဲကြဖို့ လိုအပ်လာပါပြီ။

လူမှုဘဝမှာ တာဝန်မသိတတ်သူတွေ များလာတာနဲ့အမျှ စိတ်ရှုပ်ထွေးမှုတွေ၊ စိတ်မသက်သာမှုတွေက ပိုများလာခဲ့ရပါတယ်။ နံနက်မိုးသောက် အိမ်ရှင်မနဲ့ ဈေးလိုက်သွားရင်ပဲ စတွေ့တော့တာပါပဲ။ ကြည့်လေ ဈေးသည်က "အလေးမှန်ရင် ဒီဈေးနှုန်း၊ အလေးခိုးရင် ဒီဈေးနှုန်း ဘယ်ဟာယူမလဲတဲ့"၊ "အင်း" တရားဝင်ခွင့်ပြုထားသလားပဲ။

ကားစီးတော့လည်း အကြွေကိစ္စကို ကြည့်ပါဦး။ ကျပ်နှစ်ရာတန် အထူးကားက စပယ်ယာကလည်း အကြွေမရှိလို့ဆိုပြီး အမ်းငွေပြန်မပေးသေးတဲ့အတွက် သတင်းထောက်မျက်လုံးနဲ့ ပေစောင်း၊ ပေစောင်း မသိအောင် ချောင်းချောင်းကြည့်ရတာလည်း အမောပါပဲ။

အထူးကားတွေရဲ့ ဝန်ဆောင်မှုအပိုင်းကရောလို့ မေးရင်တော့ များသောအားဖြင့် ထူးမခြားနားပါပဲ။ ထိုင်ခုံစေ့တပ်ထားတဲ့ အထူးကားကို လူပိုတွေတင်တော့ ပိုပြီးလှုပ်မရ၊ ပြုမရ ဖြစ်ရပြန်ပါရော။

ကြုံတွေ့

တက္ကစီကားတွေ လူရဖို့ စည်းမဲ့ကမ်းမဲ့ ရှေ့ကထိုးရပ်တာတွေ၊ ရပ်ကွက်ထဲက လိုင်စင်မဲ့ ဆိုက်ကားတွေ စည်းပျက်ကမ်းပျက် ယှဉ်ပြီး ပြိုင်မောင်းတာတွေ၊ မြို့ထဲမှာမစီးရတဲ့ ဆိုင်ကယ်တွေကို ရပ်ကွက်ထဲမှာ တရားဝင်စီးပြီး ရှေ့ကလမ်းလျှောက်သွားတဲ့ လူကို ဘုကြည့် ကြည့်သွားတာတွေစတဲ့ လူ့ဘောင် အသိုင်းအဝိုင်းမှာ နေ့စဉ် ကြုံတွေ့နေရတဲ့ အခက်အခဲလေးတွေကို ပြောရရင် တစ်ထောင့်တစ်ညပုံပြင် ဖြစ်သွားပါလိမ့်မယ်။

လိုအပ်

ဒါကြောင့် နယ်ပယ်အသီးသီးမှာ ကျင်လည်နေတဲ့ ပြည်သူတွေအနေနဲ့ ကိုယ်စီကိုယ်စီ စည်းကမ်းကို လိုက်နာပြီး နိုင်ငံကြီးသားပီသဖို့ လိုအပ်လာပါပြီ။

စနစ်တကျကျင့်သုံး

လှည့်ကင်းရှိမှ စည်းကမ်းတကျ မောင်းနှင်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး၊ လူကြီးလာမယ်ဆိုမှ ခါတော်မီပြင်ဆင်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး၊ အလုပ်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေ မထားကြပါနဲ့တော့။ တိုးတက်နေတဲ့ နိုင်ငံတွေကို အမီလိုက်ဖို့ ကျွန်တော်တို့ ပြည်သူတွေဘက်ကလည်း တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ စည်းကမ်းရှိမှုအပိုင်းတွေကို စနစ်တကျ လိုက်နာကျင့်သုံးကြဖို့ လိုအပ်လာပါပြီ။

ခံယူ

အရာရာတိုင်း အစိုးရရဲ့အလုပ်လို့ လွဲမှားစွာခံယူနေဖို့ မသင့်တော်တော့ပါဘူး။ တိုးတက်နေတဲ့ နိုင်ငံကြီးတွေမှာ "နိုင်ငံတော်က ဘာလုပ်ပေးရမယ်ဆိုတာထက် နိုင်ငံတော်အတွက် ဘာလုပ်ပေးရမယ်" ဆိုတဲ့ တောင်းဆိုမှုမျိုးကိုပဲ နိုင်ငံကြီးသားတွေက ခံယူကျင့်သုံးလျက်ရှိနေကြကြောင်းပါခင်ဗျား။ ။

(သတင်းစဉ်)

နေပြည်တော် ကုန်စည်ပြပွဲ ၂၀၁၁ ၌ LINN IT Solution ပြခန်းပါဝင်ပြသ

နေပြည်တော် မေ ၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ မေ ၅ ရက်မှ ၈ ရက်အထိ ခင်းကျင်းပြသလျက်ရှိသော နေပြည်တော် ကုန်စည်ပြပွဲ ၂၀၁၁ တွင် LINN IT Solution Co., Ltd . က ပြခန်းဖွင့်လှစ်ခင်းကျင်းပြသလျက်ရှိသည်။ **(ယာပုံ)**

၄င်းပြခန်းတွင် Computer Training, Sale, Service & mobile အပြင် Laptop, Desktop၊ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းပေါင်း အမျိုးအစား ၂၀ ခန့် ခင်းကျင်းပြသထားသည်။

ထို့အပြင် Apple ထုတ်ကုန်အသစ်အဖြစ် i Pad 2 ကိုလည်း အထူးနှုန်းထားဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး အဆိုပါ ပစ္စည်းများအားလုံးအတွက်လည်း ဝန်ဆောင်မှုလုပ်ငန်း ပြုလုပ်ပေးလျက်ရှိသည့်အပြင် ကုန်ပစ္စည်းဝယ်ယူသူများအတွက် လက်ဆောင်ပစ္စည်းများ၊ ကံစမ်းမဲများပေးလျက်ရှိကြောင်း၊ Galaxy Tap နှင့် Android Phone များကိုလည်း Software Install ပြုလုပ်ပေးလျက်ရှိပြီး CDMA 450 & GSM Handset များကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၆-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဒို့တာဝန်အရေး(၃)ပါး
- ၈:၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၃၀ ၇။ ဇာတ်လမ်းတို
- ၄:၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၅ ၁၀။ အိုင်စီတီသုတ
- ၅:၀၀ ၁၁။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ **သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၉)
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၆။ **"ရှာ"** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်း ကြယ်တစ်စင်း** (အပိုင်း-၆)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဒို့တာဝန်အရေး(၃)ပါး
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၁၁)
- ၂၈။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် မေ ၅

၂၀၁၁ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့နေ့ ဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးသန်းငွေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်လေးဦး၊ (၂၅)ကြိမ်အထက်သွေးလှူရှင် တပ်ဖွဲ့ဝင်သုံးဦး၊ စခန်းသန့်ရှင်းသာယာလှပရေးဆုရရှိကြသော မီးသတ်စခန်းများနှင့် မီးသတ်တပ်ဖွဲ့ ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ သင်တန်းများတွင် စံပြဆုနှင့် ထူးချွန်ဆုရရှိကြသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးသန်းငွေး၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဧည့်သည်တော်များသည် ခန်းမ၌ပြသထားသော မီးသတ်ဆေးဘူးများနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**အရိယာစိတ်အသွင် ဖြစ်ပျက်မြင်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၅)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၃)
၈:၄၅	Legendary Journey Live at Singapore (Part -4)
၉:၄၀	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း) (အပိုင်း -၁)
၁၀:၀၅	Activities in the City (ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ တေဇာရာမ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်း R.C နှစ်ထပ် စာသင်ဆောင်ဖွင့်ပွဲ)
၁၀:၁၅	တစ်တိုင်ဆီမီးမှသည်···
၁၀:၃၀	ဖက်ရှင်လမ်းညွှန် (EMO & GOTHIC FASHION)
၁၁:၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၁၅	Activities in the City [ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၅၉)နှစ်မြောက်အထိမ်းအမှတ် အခမ်းအနား]
၁၁:၃၀	MRTV -4 ကာတွန်းအစီအစဉ်
၁၂:၀၀	သင်ယူလေ့လာဂီတပညာ (Audio Mastering Module-1)
၁၂:၁၅	ဂါရဝဖြင့်ဦးညွှတ်ချီမြှတ်ဆရာများ၏ ကျေးဇူးဂုဏ်အင် (မိုးကုတ်ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၁၂:၃၅	သက်ရှည်နုပျိုကျန်းမာရွှင်လန်း Royal ABG အစွမ်း
၁:၀၀	**အရိယာစိတ်အသွင် ဖြစ်ပျက်မြင်** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၉၅)
၄:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၃)
၅:၀၅	**အမေများအတွက် အကြိုလုပ်ရှားမှုပုံရိပ်**
၅:၃၀	MNL Preview
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၉၆)
၇:၁၅	Legendary Journey Live at Singapore (Part -5)
၈:၀၀	MRTV-4 သတင်း
၈:၃၀	အဘိုးအဘွားများအေးချမ်းစွာနားခိုရာချမ်းမြေ့သာယာစံတော်သာ
၈:၅၅	**မိုးဇက်** ဒီနေ့နဲ့မနက်ဖြန်
၉:၁၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၄)
၁၀:၂၀	Science for All (မြေငလျင်လှုပ်ခတ်သောအခါ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀:၄၀	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ··· (အင်းလေး)
၁၁:၁၀	VJ Choice
၁၁:၃၅	မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
၁၂:၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်နှင့်တွေ့ဆုံခြင်း)
၁၂:၂၀	ဆီထွက်သီးနှံများထဲမှ ဆီအုန်း
၁၂:၃၅	World of Knowledge (Ultimate Disaster TORNADO)
၁:၂၅	ယုံကြည်ခိုင်မာသော··· အောင်မြင်မှုပန်းတိုင်ဆီသို့
၁:၄၅	Box Office Movies (Star Trck)
၂:၁၀	လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
၂:၁၅	Celebrity Profile (Rain)
၂:၄၅	**လူဖြစ်ရှုံးပါပြီကွာ** (ရုပ်ရှင်သရုပ်ဆောင်များ) ဒါရိုက်တာ-ညီညီထွန်းလွင်
၂:၅၀	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၂:၅၅	သဘာဝအလှများစုဝေးရာပူတာအိုမြို့
၃:၀၀	ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၄:၀၀	လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၄:၂၅	ဒို့တိုင်းဌာနီဧရာဝတီ (ရော်ဘာ၊ ပီလော၊ သင်္ဘော၊ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
၄:၅၀	ကလောမှာထင်ရှား **ရွှေဥမင်** ဘုရား

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မေ ၅ ရက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးကျော်ကျော်ရှိန်ခေါင်းဆောင်ပြီး ဒေါ်ကြည်ကြည်ဟန်၊ ဦးမြင့်ငွေ၊ ဦးနန္ဒဇင်၊ ဒေါ်နွယ်နွယ်အေး၊ ဒေါ်မြကေခိုင်၊ ဒေါ်နုနုအေးနှင့် ဒေါ်ကေခိုင်ထွန်းတို့ ပါဝင်သောအဖွဲ့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ဆိပ်ကမ်းလုပ်ငန်းများတွင် တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားကြစဉ်။ (သတင်းစဉ်)

ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း

၂၀၁၁ AFC President's Cup ပြိုင်ပွဲ၌ ရတနာပုံအသင်း ချန်ပီယံဆုကို ကာကွယ်ရမည်

သတင်းမှတ်စုနှင့်ဓာတ်ပုံ ➤ ဖိုးသော်ဇင်

ရန်ကုန် မေ ၅

AFC President's Cup ပြိုင်ပွဲဆိုသည်နှင့် မြန်မာ့ပရိ ဘောလုံးလောကကို တစ်ခေတ်ဆန်းစေခဲ့သည့် ရတနာပုံအသင်း၏ အောင်ပွဲကို မြန်မာဘောလုံးပရိသတ်

ရတနာပုံ အသင်းပိုင်ရှင် ဒေါက် တာ စိုင်းဆမ်ထွန်း။

များ အမှတ်ရနေကြဦးမည် ဖြစ်သည်။ မြန်မာ့ဘောလုံးပရိစနစ်ကူးပြောင်းပြီး ပထမဦးဆုံးကျင်းပသည့် ၂၀၀၉ MNL Cup ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရတနာပုံအသင်းမှာ ၂၀၁၀ ခုနှစ်၌ ကျင်းပသည့် AFC President's Cup ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ချန်ပီယံဆုဖလားရယူကာ နိုင်ငံ့ဂုဏ် ဆောင်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ

၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရတနာပုံအသင်း၏ အောင်မြင်မှုသည် အာရှအဆင့်ကလပ် ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိဖူးသည့် မြန်မာကလပ်အသင်းအဖြစ် ပထမဦးဆုံး မှတ်တမ်းတင်နိုင်ခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ၊ စံချိန်တင်ကာ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။အုပ်စုတွင်ဘူလ်တန် ကလပ် ဒရက်စတားအသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူနိုင်ခဲ့ပြီး တာဂျစ်ကစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းနှင့် ဂိုးမရှိသရေကျကာ ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် တာ့ခ်မင်နစ္စတန်ကလပ် ဗာကက်ရှ်ကို ရန်ပိုင်၊ အောင်ကျော်မိုးတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲတွင် ခြောက်ကြိမ်ဆက်တိုက်ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည့် တာဂျစ်ကစ္စတန်ကလပ် ဒိုဗွိုင်းဒိုင်နမိုအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ကိုနေး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၁၁ AFC President's Cup ဘောလုံးပြိုင်ပွဲကို ပါလက်စတိုင်းကလပ်အသင်း ထပ်တိုးလာသောကြောင့် အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ လေးသင်း၊ သုံးအုပ်စုခွဲကာ ထိပ်ဆုံးနှစ်သင်းစီမှာ နောက်တစ်ဆင့်တက်ခွင့်ရမည်ဖြစ်သည်။ သုံးသင်း နှစ်အုပ်စုခွဲကာ ဒုတိယအဆင့် အုပ်စုအဖြစ် ဆက်ကစားရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီမှာ ဗိုလ်လုပွဲသို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အုပ်စု(ခ)တွင် တာဂျစ်ကစ္စတန်ကလပ် အစ်တီကလိုလ်အသင်း၊ ပါလက်စတိုင်းကလပ် မူကာဘာအသင်း၊ ဘူလ်တန်ကလပ် ရိဒ်ဒင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ပြန်လည်ရရှိ

ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုနှင့် ပတ်သက်၍ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက "မိမိအသင်းမှ အမာခံကစားသမားအချို့ အနားယူသွားပြီး နောက်ပိုင်းတွင် အသင်းမှာ အကောင်းဆုံးပုံစံ

ရတနာပုံအသင်း တိုက်စစ်အတွက် အားထားရမည့် ရန်ပိုင်။

မရှိရသေးကြောင်း၊ အထူးသဖြင့် အလယ်တန်းတွင် အောင်ကျော်မိုး မရှိတော့၍ ကွင်းလယ်ပိုင်းတွင် သိသိသာသာ အားနည်းသွားကြောင်း၊ ခြောက်ပွဲကစားအပြီးတွင် နိုင်ပွဲမရရှိသေး၍ ကစားသမားများကို စိတ်ဓာတ်တက်စေရန်နှင့် ယုံကြည်မှုရှိလာစေရန် ဆောင်ရွက်ပေးနေကြောင်း။

AFC President's Cup ဘောလုံးပြိုင်ပွဲမှာ နိုင်ငံ့ကိုယ်စားပြုယှဉ်ပြိုင်ရတာဖြစ်သည့် အတွက် အတတ်နိုင်ဆုံး ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ MNL အမှတ်ပေးပြိုင်ပွဲတွင် ရမှတ်များ ကွာဟနေပြီဖြစ်သော်လည်း ချန်ပီယံဘွဲ့ကာကွယ်နိုင်ရန် တတ်စွမ်းသလောက် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရတနာပုံအသင်း၏ အကောင်းဆုံးခြေစွမ်းနှင့် ပုံစံကို ပြန်လည်တွေ့မြင်ရမည်ဟု မိမိကတိပေးပါကြောင်း၊ အသင်းကို အင်အားဖြည့်တင်းမှုများစွာပြုလုပ်ပြီး အပြောင်းအလဲများစွာ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

ပါဝင်

ပြိုင်ပွဲဝင်မည့်ရတနာပုံအသင်းတွင် အုပ်ချုပ်သူအဖြစ် မစ္စတာယိုအန်၊ နည်းပြချုပ်အဖြစ် ဦးကြည်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်တင့်နှင့် ဦးဇော်လေးအောင်၊ **ဂိုး**-နည်းပြအဖြစ် ဦးအောင်ကျော်သူ၊ ဆေးမှူးအဖြစ် ဦးစိုးလင်း၊ မီဒီယာတာဝန်ခံအဖြစ် ဦးသိန်းသန်းတိုး၊ အားကစားသမားများအဖြစ် **ဂိုးသမား**-ယဉ်မင်းအောင်၊ ဇော်လင်းအောင်၊ သူရကိုကို၊ ဖြိုးကိုကိုလှိုင်၊ **နောက်တန်း**-ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဂျီနွန်ဆီယန်၊ ရဲဇော်ထက်အောင်၊ ကျော်ဇေယျာမင်း၊ ချစ်စမ်းမောင်၊ သက်ပိုင်စိုး၊ ဟိန်းသီဟဇော်၊ ရဲဝင်းအောင်၊ **အလယ်တန်း**-ကိုနေး၊ ပိုင်စိုး၊ အောင်မြင့်အေး၊ ရဲကိုဦး၊ အောင်ချမ်းမိုး၊ အေးမိုး၊ မင်းမင်းထွန်း၊ **ရှေ့တန်း**-ရန်ပိုင်၊ သက်နိုင်၊ စိုးကျော်ကျော်နှင့် ထူးထူးအောင်တို့ ပါဝင်ကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁ မြတ်ရတနာဆေးတိုက် ပါဝင်ပြသ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁တွင် မြတ်ရတနာဆေးတိုက်တို့မှ ပါဝင်ပြသလျက်ရှိသည်။ **(ယာပုံ)**

ဝယ်ယူနိုင်

အဆိုပါ ပြခန်းတွင် ဆင်တုံးမနွယ်ခံတွင်းရှင်းအစာကြေဆေး၊ ရှားစောင်းလက်ပပ်ချက်ဆေး၊ ရှားစောင်းကြိတ်မှန်ချက်ဆေး၊ ဝမ်းရပ်ဆေး၊ ကွမ်းရွက်အခိုးပွင့်ဆေး၊ နွယ်ချိုအစာကြေဆေး၊ စက္ကူပါလမျက်စိကြည် အကြောပြေဆေးနှင့် မြန်မာ့တိုင်းရင်းဆေးအမျိုးမျိုးကို ရှေးနည်းမူမှန်သမားစဉ်အတိုင်း ဖော်စပ်ထုတ်လုပ်ထားပြီး ပြပွဲကာလအပြီး ဝယ်ယူလိုပါက ရန်ကုန်မြို့ အလုံမြို့နယ် ဧရာဝတီလမ်း အမှတ် ၃၃ရှိ ရွှေရည်ဝင်းတိုင်းရင်းဆေးဝါး လုပ်ငန်း ဖုန်း-၂၂၇၁၅၉နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(နေပြည်တော်) ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်) ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Mount Pleasant Hotel ဥတ္တရသီရိ ခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(နေပြည်တော်) ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်) ဗဟိုကော်မတီဝင်များ၏ အမည်စာရင်းကို ဖတ်ကြားအတည်ပြုပြီး ဗဟိုကော်မတီဝင်များက ကတိသစ္စာပြုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(နေပြည်တော်)အတွက် ကြေးပြားကမ္ပည်းပေးအပ်ပြီး အလှူရှင်များက အသင်းအတွက် အလှူငွေများကို ပြည်ထောင်စုဝန်ကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်) ဥက္ကဋ္ဌ ဦးသာငွေးက ကျေးဇူးတင်စကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၀ ခုနှစ် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ မန္တလေးတိုင်းဒေသကြီးအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ညစာစားပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ညစာစားပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၄ ရက် ည ၇ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ၂၀၁၀ ခုနှစ် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီး၊ အထူးဆုရ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၁၀ ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဒုတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တတိယဆုရ ကချင်ပြည်နယ်၊အထူးဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက ဂုဏ်ပြုဆုရရှိသော ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက အကောင်းဆုံးစာတမ်း ပထမဆုရ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဒုတိယဆုရ ရခိုင်ပြည်နယ်၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ အထူးဆုရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ



နေပြည်တော် မေ ၅

ပညာရည်ထက်မြက်ထူးချွန်ပြီး စီးပွားရေးချို့တဲ့မှုကြောင့် အဆင့်မြင့်ပညာ ဆက်လက်မသင်ယူနိုင်သည့် မိန်းကလေးများအား ရှာဖွေဖော်ထုတ်၍ ဘွဲ့ရရှိသည်အထိ သင်ယူနိုင်ရန် ဝိုင်းဝန်းထောက်ပံ့ကူညီရမည်ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၌ **(အပေါ်ပုံ)** သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က ပြောကြားသည်။

စည်းရုံးဆောင်ရွက်

ထို့အပြင် အခြေခံပညာမူလတန်းအဆင့်ကို ဒေသမရွေးသင်ကြားနိုင်ရေးအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့များသည် အသေးစားချေးငွေ လုပ်ငန်းကို အမှန်တကယ်လိုအပ်သည့် အမျိုးသမီးများအတွက် ဦးတည်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသမီးငယ်များကိုခေတ်နှင့်အညီ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ အတွေးအမြင်ပိုင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်း၊ ယဉ်ကျေးသိမ်မွေ့သည့် မြန်မာအမျိုးသမီးများ၏ ပြုမူပြောဆို ဝတ်စားဆင်ယင်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို မပျောက်ပျက်အောင် ထိန်းသိမ်းပညာပေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ယင်းနောက် တွဲဖက်အထွေထွေအတွင်းရေးမှူးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြရာ သဘာပတိက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးသည်။

ဆွေးနွေးတင်ပြ

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ အမျိုးသမီးရေးရာအဖွဲ့များက ဆွေးနွေးတင်ပြကြသည်။

ရပ်နား

ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တို့မှ အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ သဘာပတိက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ရပ်နားလိုက်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို မေ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကုန်စည်ပြပွဲ ၂၀၁၁ ၌ FATHER LAND ပြခန်းပါဝင်ပြသ

နေပြည်တော် မေ ၅

နေပြည်တော်ကုန်စည်ပြပွဲ ၂၀၁၁ ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ မေ ၅ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသလျက်ရှိရာ FATHER LAND Construction & Decoration Co., Ltd. က ပြခန်းပါဝင်ခင်းကျင်းပြသလျက်ရှိသည်။ **(အောက်ပုံ)**

ဝန်ဆောင်မှုပေး

၄င်းပြခန်းတွင် အထပ်မြင့် Condominium အဆောက်အအုံအခန်းများ ရောင်းချခြင်း၊ အထပ်နိမ့်လုံးချင်းတိုက်များနှင့် အထပ်မြင့် Condominium တို့ကို PAE စနစ်ဖြင့် ဆောက်လုပ်ပေးခြင်း၊ အဆောက်အအုံအတွင်းနှင့် အပြင်ပိုင်းနေရာများတွင် အလူမီနီယမ်၊ မှန်နှင့် စတီးလ်များဖြင့် အလှဆင်ပေးခြင်း၊ အဆောက်အအုံအဟောင်းများကို အသစ်ကဲ့သို့ဖြစ်ရန် Renovation ပြုလုပ်ခြင်း၊ ရေပိုက်လိုင်းနှင့် မီးလိုင်းများ သွယ်တန်းပေးခြင်း၊ Wall Paper ဖြင့် အလှဆင်ပေးခြင်း၊ ပါကေးခင်းခြင်း၊ ကြွေပြားခင်း၊ ကပ်ခြင်း၊ ခြစ်စည်းရိုးကာရံခြင်း၊ သံပန်း၊ သံတံခါးပြုလုပ်ခြင်း၊ ဆေးသုတ်ခြင်း၊ Wall Paper နှင့် အိမ်အလှဆင်ပစ္စည်းများ ရောင်းချခြင်းတို့ပြသပြီး ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရောင်းချပေး

ကုန်စည်ပြပွဲ ကျင်းပသည့် ကာလအတွင်း အထူးလျှော့ဈေး ၅ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ရောင်းချပေးလျက်ရှိပြီး ကျပ်သိန်း ၁၀၀ နှင့် အထက် တိုက်ခန်းဝယ်ယူသူများနှင့် ဆောက်လုပ်ရန် အပ်နှံသူများကို ကျပ်ငါးသိန်းတန်ဖုန်းတစ်လုံး လက်ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာ-အလုံမဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တာဝါတိုင်များ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ သာကေတဓာတ်အားပေးစက်ရုံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အလုံမြို့နယ် ကမ်းနားလမ်းရှိ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ သိုလှောင်ရုံ၊ စက်ရုံ(၂)ထပ်ရုံး အဆောက်အအုံတည်ဆောက်မည့် မြေနေရာနှင့် ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံမဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တာဝါတိုင်များ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ၂၃၀ ကေဗွီ လှော်ကားပင်မ ဓာတ်အားခွဲရုံ Switch Yard အတွင်း၌ ၃၃ ကေဗွီ Out door Switch Bay (၁၇)ခု တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာလေလျှော်ဒဏ်သင့်ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ အလှူငွေပေးအပ်

ရန်ကုန် မေ ၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ရှိ လျှော်ဒဏ်သင့် ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း(ရန်ကုန်ရုံး) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-yong က လှူသားချင်း စာနာထောက်ထား သောအားဖြင့် ပေးအပ်လှူဒါန်း ရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် သံအမတ်ကြီးက အမေရိကန်ဒေါ်လာ နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-yong က တာလေလျှော်ဒဏ်သင့် ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော အမေရိကန်ဒေါ်လာ နှစ်သိန်း ပေးအပ်စဉ်။ (သတင်းစဉ်)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"
"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများ နှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်း များစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာ ဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီး သွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့် ကြော်ငြာစာ အမှတ် (၂/၉၂) ဖြင့် ငါးရစ်ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီး တရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များ တွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှ သည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မိုးရွာသွန်းမှုများ

၅-၅-၂၀၁၁

အရာတော်မြို့	၅ ဒသမ ၁၅ လက်မ
အုတ်ဖိုမြို့	၃ ဒသမ ၁၁ လက်မ
ညောင်ဦးမြို့	၂ ဒသမ ၉၉ လက်မ
နွားထိုးကြီးမြို့	၂ ဒသမ ၈၅ လက်မ
မြင်းခြံမြို့	၂ ဒသမ ၆၇ လက်မ
ပခုက္ကူမြို့	၂ ဒသမ ၅၂ လက်မ
မတ္တရာမြို့	၂ ဒသမ ၀၇ လက်မ
ပြင်ဦးလွင်မြို့	၂ ဒသမ ၀၅ လက်မ
တံတားဦးမြို့	၂ ဒသမ ၀၀ လက်မ

ကုန်စည်ပြပွဲကျင်းပရာ နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာကို ဤသို့ တွေ့ရသည်။

နေပြည်တော်ဂုဏ်ဒြပ်ကို ထင်ဟပ်စေသည့် ကုန်စည်ပြပွဲ

➢ သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
➢ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် မေ ၅

နေပြည်တော် ကုန်စည်ပြပွဲ ၂၀၁၁။

ခမ်းနားထည်ဝါလှသော နေပြည်တော် မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံအဝင်ဝ၌ ကုန်စည်ပြပွဲအမည်ကို ထင်ထင်ရှားရှား ရေးထိုးထားသည်။ နေပြည်တော်တွင် ပထမဆုံးအကြိမ်ပြုလုပ်သော ကုန်စည်ပြပွဲကို မေ ၅ ရက် နံနက်က စတင်ကာ မေ ၈ ရက်အထိ ဖွင့်လှစ်ခင်းကျင်းပြသနေပြီဖြစ်သည်။

ခင်းကျင်းပြသ

ကုန်စည်ပြပွဲ ကျင်းပရာ နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံအတွင်း ကုန်ပစ္စည်းမျိုးစုံကို ခင်းကျင်းပြသထားရာ လာရောက်လေ့လာသူများဖြင့် စည်ကားသိုက်မြိုက်စွာ မြင်တွေ့ရသည်။ ကြီးမားသော အဆောက်အအုံအတွင်း ကုန်ပစ္စည်းမျိုးစုံ ခင်းကျင်းပြသထားသော ပြခန်းများမှာ စုစုပေါင်း ၂၅၀ ကျော်ဖြစ်ရာ နေရာလွတ်မရှိအောင် ဖြစ်နေသည်။

ခင်းကျင်းပြသထားသော ပြခန်းတိုင်းတွင် လေ့လာသူများ၊ ပစ္စည်းဝယ်ယူသူများနှင့် စည်ကားနေသည်။ ပြခန်းများ ခင်းကျင်းပြသမှုကို လိုက်လံလေ့လာခဲ့ရာ အိုင်တီပြခန်းများတွင် Laptop၊ Desktop နှင့် မိုဘိုင်းလ်ဖုန်းများ၊ ယင်းတို့၏ ဆက်စပ်ပစ္စည်းများကို အမျိုးအစားပေါင်း ၂၀ ကျော် ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ ၄င်းပစ္စည်းများနှင့်ပတ်သက်ပြီး ဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်ပေးလျက်ရှိရာ အရောင်အသွေးစုံလင်သော လက်တော့ပ်များက စိတ်ဝင်စားစရာကောင်းသည်။

တစ်ဖန် အခြားပြခန်းများတွင် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများ၊ ရေပူရေအေး စနစ်နှစ်မျိုးသုံး လျှပ်စစ်ရေနွေးချိုးစက်များကလည်း နေအိမ်တစ်အိမ်အတွက် အသုံးဝင်သော ပစ္စည်းများဖြစ်ရာ ဒီဇိုင်းပုံစံလှပသဖြင့် လေ့လာသူ များပြားနေသည်ကို တွေ့ရသည်။

ကျယ်ဝန်းသော မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံအတွင်း လျှပ်စစ်မီးရောင်များ ဖြာကျလျက် လှပသော ပြခန်းဒီဇိုင်းပုံစံများဖြင့် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း လူနေထိုင်မှုဆိုင်ရာ ပရိဘောဂများ၊ ခေတ်မီနည်းပညာသုံး ပစ္စည်းမျိုးစုံတို့ကြောင့် လာရောက်လေ့လာသော ပြည်သူများအတွက် ဗဟုသုတများစွာ ရရှိစေမည်ဖြစ်သည်။

ကုန်စည်ပြပွဲလာ ပြည်သူများအတွက် လှပနုပျိုသော မော်ဒယ်လေးများက မြူးကြွသော သံစဉ်များနှင့်အတူ ဖျော်ဖြေကပြမှုများ၊ ကုန်ပစ္စည်း သရုပ်ပြမှုများကလည်း အပန်းဖြေ ဖျော်ဖြေမှုတစ်ရပ်အသွင် မြင်တွေ့ရမည်ဖြစ်သည်။

လေ့လာဆင်နွှဲ

ကုန်ပစ္စည်း ထုတ်လုပ်သည့် ပင်ရင်းကုမ္ပဏီကြီးများက ထုတ်ကုန်မျိုးစုံကို တိုက်ရိုက် လာရောက်ခင်းကျင်းပြသထားသည် ဖြစ်ရာ နေပြည်တော်နေ ပြည်သူများအတွက် အဆင့်အတန်းမြင့် ပစ္စည်းများကို လေ့လာဝယ်ယူနိုင်ကြမည်ဖြစ်သည်။

ပြခန်းတိုင်းတွင် ကုန်ပစ္စည်းဝယ်သူ၊ လေ့လာသူများအား မေတ္တာလက်ဆောင်များ၊ ကံစမ်းမဲများ ပေးလျက်ရှိရာ ရင်ခုန်ပျော်ရွှင်စရာ အစီအစဉ်များပင် ဖြစ်သည်။

ခင်းကျင်းပြသသော ပစ္စည်းများတွင် ဆိုင်ကယ်များ၊ ကားတာယာများ၊ လောင်စာဆီစွမ်းအင်မြှင့်တင်ပေးသည့် ဆေးပြားများ၊ လက်ဝတ်ရတနာ စိန်ထည်များသာမက မြေသြဇာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများကအစ အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသထားသည်ကိုတွေ့ရသည်။

မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ခင်းကျင်းပြသထားသော နေပြည်တော်ကုန်စည်ပြပွဲ ၂၀၁၁ ကား ပြခန်းအရေအတွက်များပြားပြီး ကုန်ပစ္စည်း အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသထားသည် ဖြစ်ရာ နေပြည်တော်၏ ဂုဏ်ဒြပ်ကို ပိုမိုတင့်တယ်အောင် ထင်ဟပ်ပြသနေလျက်ရှိပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

နေပြည်တော် ကုန်စည်ပြပွဲ ၂၀၁၁ ကျင်းပရာ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံအတွင်း ပြခန်းများအား လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိနေသည်ကို ဤသို့ တွေ့ရသည်။

ကုန်စည်ပြပွဲကျင်းပရာ ခန်းမအတွင်း လေအေးစက် တပ်ဆင်ဖွင့်ပေးထားသဖြင့် ပြခန်းခင်းကျင်းပြသသူများအတွက်ရော လာရောက်လေ့လာသော ပြည်သူများအတွက်ပါ စိတ်အေးချမ်းစွာ လှည့်ပတ်ကြည့်ရှုနိုင်ကြသည်။

မြန်မာ့အလင်း မှုခင်းသတင်း

ခရီးသည်၏ဆွဲခြင်း ပြန်ပေးရန်လာသူ ဆိုင်ကယ်တိုက်မိသည့် ဒဏ်ရာဖြင့် ဆေးရုံ၌သေဆုံး

ပုသိမ် မေ ၅

မေ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က ကန်ကြီးထောင့်မြို့နယ် မာလာကုန်း ဆိုက်ကားဂိတ်မှ ဆိုက်ကားသမား ဝင်းဆန်းသည် ခရီးသည်တစ်ဦးအား တင်ဆောင်၍ ဘဲဂရက်ကျေးရွာသို့ ပို့ဆောင်ပေးစဉ် ဆိုက်ကားနောက် ကယ်ရီယာခုံပေါ်မှ ခရီးသည်၏ ဆွဲခြင်းတစ်လုံး ကျကျန်ရစ်ခဲ့ရာ ဘဲဂရက်ကျေးရွာမှ ကန်ကြီးထောင့်သို့ ခြေကျင်လျှောက်ပြန်လာသော ကန်ကြီးထောင့်မြို့ အမှတ်(၁)ရပ်ကွက်နေ ဦးကြည်လင်း (၄၇)နှစ် (ဘ-ဦးကံမြင့်)က တွေ့ရှိ၍ ဆွဲခြင်းကို ခရီးသည်ထံ လိုက်လံပို့ဆောင်ပေးစဉ် ဘဲဂရက်မှ မာလာကုန်းအတိုင်း မောင်းနှင်လာသည့် ဆိပ်သာဝဲချောင်းကျေးရွာနေ မောင်မျိုး (၁၉)နှစ်၏ ဆိုင်ကယ်ဖြင့် တိုက်မိရာ ဦးကြည်လင်း၏ ဝဲဘက်ခြေကျိုး၊ နဖူးရောင်၊ ဝဲချိုစောင်း ဖူးရောင်သတိမေ့သွားသဖြင့် ဆေးရုံသို့ တင်ပို့ကုသစဉ် ဦးကြည်လင်းမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားသည်။

အရေးယူ

ထို့ကြောင့် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းက မဆင်မခြင် ဆိုင်ကယ်မောင်းနှင်သူ မောင်မျိုး (၁၉) နှစ် (ဘ- ဦးသိန်းအေး)အား အရေးယူထားကြောင်း သိရသည်။ (၀၇၇)

နိုင်ငံတကာ အာကာသ သိပ္ပံ နိုင်ငံတကာ အာကာသ သိပ္ပံ နိုင်ငံတကာ အာကာသ သိပ္ပံ နိုင်ငံတကာ အာကာသ သိပ္ပံ

မောင်မောင်မြင့်ဆွေ —— စုစည်းသည်

အရွယ်အစားကြီးမားသည့် ဒုံးပျံ အာကာသအတွင်းသို့ လွှတ်တင်မည်

လော့စ်အိန်ဂျလိစ် မေ ၅

ကယ်လီဖိုးနီးယား အခြေစိုက် စပေ့အိတ်ဇ်ကုမ္ပဏီက ၂၀၁၃ ခုနှစ်တွင် အာကာသသို့ ဖာလ်ကွန်-၉ အမည်ရှိ အရွယ်အစားကြီးမားသော ဒုံးပျံသစ်တစ်စင်းကို အာကာသသို့ လွှတ်တင်ရန်စီစဉ်နေကြောင်း မေ ၅ ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းဒုံးပျံသည် အလေးချိန် ၅၃တန်ကျော်ရှိသည့် ပစ္စည်းများကို သယ်ဆောင်နိုင်မည်ဖြစ်ရာ အာကာသယာဉ်နှစ်စင်းထက် အလေးချိန်ပိုများစွာ သယ်ဆောင်နိုင်ပြီး ဒုံးပျံအမြင့်မှာ ၂၂၇ ပေရှိသည်။ **(ယာပုံ)**

ပို့ဆောင်ပေး

အဆိုပါ ဒုံးပျံကို အမေရိကန်နိုင်ငံ ဗန်ဒန်ဘတ်လေတပ်အခြေစိုက်စခန်းမှ လွှတ်တင်မည်ဖြစ်သည်။ နောက်ပိုင်းတွင်မူ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်လ်စခန်းမှလည်း လွှတ်တင်ရန် စီစဉ်ထားသည်။ စပေ့အိတ်ဇ်ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်ကလည်း ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ အာကာသယာဉ်တစ်စင်းလွှတ်တင်နိုင်ခဲ့သည့် ကမ္ဘာ့ပထမဆုံးပုဂ္ဂလိကအာကာသဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သည်။ အဆိုပါ ကုမ္ပဏီသည် အာကာသဆိုင်ရာ စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။ နောက်ပိုင်းတွင် ဖာလ်ကွန်-၉ အာကာသဒုံးပျံယာဉ်ဖြင့် အာကာသသို့ ကုန်ပစ္စည်းများတင်ပို့လိုပါက ကုန်ပစ္စည်းတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀နှုန်းဖြင့် ပို့ဆောင်ပေးမည်ဖြစ်သည်။

ထို့နောက် နောက်ပိုင်းခရီးစဉ်များတွင်သယ်ဆောင်ခစရိတ်များ လျှော့ချသွားနိုင်ရန် စပေ့အိတ်ဇ်ကုမ္ပဏီက စီစဉ်ပေးသွားမည်ဖြစ်သည်။ အာကာသရေးရာစီမံကိန်းများအတွက် စပေ့အိတ်ဇ်ကုမ္ပဏီကို နည်းပညာအထောက်အပံ့များ ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ၂၀၁၆ခုနှစ်၌ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ အလေးချိန်တန် ၇၀ ကျော်ရှိသည့် ကုန်ပစ္စည်းများသယ်ဆောင်နိုင်သော အာကာသဒုံးပျံကို တည်ဆောက်သွားရန်လည်း စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**



အာကာသမှ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခု ကမ္ဘာဂြိုဟ်ဆီသို့ လွင့်မျောလာ

လော့စ်အိန်ဂျလိစ် မေ ၅

စကြဝဠာအတွင်းမှ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုသည် ကမ္ဘာဂြိုဟ်သို့ ဦးတည်လွင့်မျောနေကြောင်း၊ ၎င်းဂြိုဟ်သိမ်ဂြိုဟ်မွှား၏ အရွယ်အစားမှာ လေယာဉ်တစ်စင်းခန့် အရွယ်အစားရှိကြောင်း အာကာသသိပ္ပံပညာရှင်များက မေ ၅ ရက်၌ ထုတ်ဖော်ပြောကြားသည်။ အာကာသအဝေးကြည့်မှန်ပြောင်းကို အသုံးပြုပြီး လေ့လာခဲ့ရာမှ အာကာသသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် စိုးရိမ်ထိတ်လန့်ဖွယ်မရှိကြောင်း၊ ဘေးအန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

၂၀၀၅ YU ၅၅ ဟု အမည်ပေးထားသော ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၈ ရက်က ကမ္ဘာဂြိုဟ်အနီး မိုင် ၂၀၁၇၀၀ မှ ဖြတ်သန်းသွားခဲ့သော်လည်း တစ်စုံတစ်ရာ ဘေးအန္တရာယ်မရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ထို့ကြောင့် ကမ္ဘာဂြိုဟ်သို့ ဦးတည်ရွေ့လျားလာသည့် ၎င်းဂြိုဟ်သိမ်ဂြိုဟ်မွှားအား အလေးအနက်ထားစရာမလိုကြောင်း၊ ယင်းသည် အာကာသမှလွင့်မျောလာသည့် အရွယ်အစားကြီးမားသော အာကာသကျောက်တုံးများအကြောင်းကို ပိုမိုလေ့လာနိုင်ရန် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။ (အင်တာနက်)

စကြဝဠာအတွင်း ဒုတိယအကြီးဆုံး ဂြိုဟ်သိမ် ဒွန်းလေ့လာရေးယာဉ် ချဉ်းကပ်နေ

နာဆာ မေ ၅

စကြဝဠာအတွင်း ဒုတိယအရွယ်အစား အကြီးဆုံး ဂြိုဟ်သိမ် ဂြိုဟ်မွှားဖြစ်သည့် ဗက်စ်တာအနီးသို့ နာဆာက စေလွှတ်ထားသော ဒွန်းအမည်ရှိ အာကာသလေ့လာရေးယာဉ်သည် အနီးကပ်လေ့လာမှုများ ပြုလုပ်ရန် ၎င်းနေရာသို့ ဇူလိုင်လ၌ ရောက်ရှိမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက မေ ၅ ရက်၌ ပြောကြားသည်။

ဒွန်းအာကာသယာဉ် **(ယာပုံ)**သည် ဇူလိုင် ၁၆ရက်၌ ဗက်စ်တာအနီး ဂြိုဟ်ပတ်လမ်းအတွင်းဝင်ရောက်ကာ တစ်နှစ်တာကာလကြာအောင်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ၎င်းဗက်စ်တာ ဂြိုဟ်သိမ်ကို အာကာသနက္ခတ္တဗေဒပညာရှင်များက အာကာသစကြဝဠာအတွင်း ရှေးအကျဆုံးဂြိုဟ်တစ်ခုအဖြစ် ယူဆထားကြသည်။ **(အင်တာနက်)**



နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

အဒီလီ၏ ၂၁အမည်ရှိ အယ်လ်ဘမ် ၁၃ပတ်ဆက်တိုက် အရောင်းရဆုံးအယ်လ်ဘမ်ဖြစ်

လန်ဒန် မေ ၅

ဗြိတိသျှအဆိုတော် အဒီလီ **(အပေါ်ပုံ)**၏ "၂၁" အမည်ရှိတေးအယ်လ်ဘမ်သစ်သည် ၁၃ပတ်ဆက်တိုက် အရောင်းရဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့သည်။

သူမ၏"၁၉"အမည်ရှိ တေးအယ်လ်ဘမ်မှာ ယခင်နံပါတ်သုံးနေရာမှ ဒုတိယအရောင်းရဆုံး အယ်လ်ဘမ်ဖြစ်လာသည်။ ယခင်က အခြားသော အဆိုတော်များ၏ တေးအယ်လ်ဘမ်များမှာ ၁၁ပတ်ဆက်တိုက် အရောင်းရဆုံး တေးအယ်လ်ဘမ်များသာရှိခဲ့သည်။ သူမ၏ တေးအယ်လ်ဘမ်မှာ ၁၃ပတ်ဆက်တိုက် အရောင်းရဆုံး အယ်လ်ဘမ်ဖြစ်လာသဖြင့် စံချိန်ချိုးခဲ့သည်။

အဒီလီ၏ "၂၁"အမည်ရှိ တေးအယ်လ်ဘမ်သည် အမေရိကန်ရော့ကာများဖြစ်သည့် ဖူးဖိုက်တာတီးဝိုင်း၏ "Wasting Light" တေးအယ်လ်ဘမ် အရောင်းရဆုံး တေးအမ်လ်ဘမ်ဖြစ်ခဲ့ပြီးနောက် ဆက်တိုက်ရောင်းအား တက်ခဲ့သည်ဟုဆိုသည်။ ယခုအခါ "Wasting Light" အယ်လ်ဘမ်မှာ နံပါတ်လေးနေရာသို့ ရောက်သွားခဲ့သည်။**(အင်တာနက်)**

ဂရမ်မီဆုများရှင် အမ်မိုင်လူဟာရစ် တေးအယ်လ်ဘမ်သစ်ထွက်ရှိ

ကောင်းမြတ်သူ —— ရေးသားသည်

ဝါရှင်တန် မေ ၅

အမ်မိုင်လူဟာရစ်အမည်ရှိ အမျိုးသမီး အဆိုတော်တစ်ဦးသည် အမေရိကန် ဂီတလောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော ဂရမ်မီဆုများရှင်ဖြစ်သည်။

အဆိုကောင်း

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ် ဘာမင်ဂမ်မြို့သည်ကား ဟာရစ်၏ ဇာတိချက်ကြွေ မွေးရပ်မြေပင်ဖြစ်၏။ သူမကိုထိုမွေးရပ်မြေ၌ ၁၉၄၇ခုနှစ် ဧပြီ ၂ရက်က မွေးဖွားခဲ့သည်။ ယခု သူမအသက်သည် ၆၀ အရွယ်သို့ လွန်ခဲ့ပြီဖြစ်သည်။ သို့သော် သူမ၏ ဂီတနှင့် အနုပညာပန်းတို့သည်ကား လန်းဆန်းနေဆဲပင်ဖြစ်သည်။ အမ်မိုင်လူဟာရစ်သည် အလက်ဇန်းဒရီးယားတွင် အထက်တန်းပညာ သင်ယူခဲ့သည်။ အသက် ၁၆နှစ် အရွယ်တွင် ဂီတလောကသို့ ဝင်ရောက်ခဲ့သည်။ သူ့ဝါသနာအပါဆုံးအရာမှာ ဂီတာနှင့် ဆိုက်ဆိုဖုန်းတီးခတ်မှုပင် ဖြစ်သည်။ သူမသည်ငယ်စဉ်ကပင် တောက်မည့်မီးခဲ ရဲရဲနီဆိုသလိုပင် အလွန်အဆိုကောင်းသည်ဟု ဆိုသည်။

ကျင်လည်

ထို့ကြောင့်ပင် ၁၉၇၆၊ ၁၉၇၉နှင့် ၁၉၈၄ ခုနှစ်များတွင် အကောင်းဆုံး အမျိုးသမီးအဆိုရှင်အဖြစ် ဂရမ်မီဆုများ ရရှိခဲ့သည်။ ၁၉၈၀၊ ၁၉၈၇၊ ၁၉၉၂ ခုနှစ်များတွင် အုပ်စုလိုက် အကောင်းဆုံးအဆိုတော်ဆုများဖြင့် ဂရမ်မီဆုရခဲ့ပြန်သည်။ ၁၉၉၈ခုနှစ်နှင့် ၁၉၉၉ခုနှစ်များ၌ ဂရမ်မီဆုချီးမြှင့်ရေးအဖွဲ့က သူမအား အကောင်းဆုံးကျေးလက်ရိုးရာတေးများဖြင့် ဂရမ်မီဆုများ ချီးမြှင့်ခဲ့သေးသည်။ ၂၀၀၀ပြည့်နှစ်တွင် O Brother Where Art Thou တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံး တေးအယ်လ်ဘမ်ဆုရခဲ့သည်။ ယခုအခါ ဂရမ်မီဆုများရှင် အမ်မိုင်လိုဟာရစ်သည် တင်နက်ဆီပြည်နယ် နက်ချ်ဗီလီမြို့တွင်နေထိုင်လျက်ရှိပြီး ဂီတအနုပညာရပ်ဝန်းများတွင် ကျင်လည်နေဆဲဖြစ်သည်။ သူမ၏ အိမ်အပေါ်ထပ်က အခန်းငယ်လေးသည် သီချင်းရေး၊ သီဆိုလေ့ကျင့်ရာ အခန်းပင်ဖြစ်သည်။

ဟာရစ် (အောက်ပုံ)သည် ခွေးများကို အလွန်ချစ်တတ်သူဖြစ်၏။ အိမ်တွင် ခွေးငါးကောင်မွေးထားသည်။ စကူတာဆိုသည့် ခွေးကြီးသည် သူအချစ်ဆုံး ခွေးကြီးပင် ဖြစ်သည်။ ထို့ကြောင့်ပင် သူမသည် ယခုအသစ်ထွက်ရှိသည့် **Hard Bargain** အမည်ရှိ တေးအယ်လ်ဘမ်တွင် **Big Black Dog** အမည်ရှိ သီချင်းတစ်ပုဒ်ကို ထည့်သွင်းသီဆိုထားသည်။ ယင်းတေးအယ်လ်ဘမ်တွင် စုစုပေါင်း သီချင်း ၁၁ ပုဒ် သီဆိုထားသည်။ အဆိုတော် အမ်မိုင်လူဟာရစ်အနေဖြင့် မိမိရရှိထားသည့် အောင်မြင်မှုများကို ကျေနပ်မနေဘဲ သူတတ်ကျွမ်းရာဂီတဖြင့် လူသားတို့အတွက် ဖျော်ဖြေပေးနေဦးမည်မှာ အမှန်ပင်ဖြစ်သည်။ ကိုးကား-အင်တာနက်

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား

နည်းပြမော်ရင်ဟိုအပြုအမူကြောင့် ရီးရဲမက်ဒရစ်အသင်း ချန်ပီယံလိဂ်မျှော်လင့်ချက်ပျက်စီး

မက်ဒရစ် မေ ၅

မော်ရင်ဟို၏ အပြုအမူများကြောင့် ရီးရဲမက်ဒရစ်အသင်း၏ ချန်ပီယံလိဂ်မျှော်လင့်ချက်များ ပျက်စီးခဲ့ရပြီဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌဟောင်း ရာမွန်ကာဒီရွှန်က မေ ၅ ရက်၌ ဝေဖန်ပြောကြားလိုက်သည်။

ဝေဖန်ပြစ်တင်

မော်ရင်ဟိုသည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲပထမအကျော့ပွဲစဉ်၌ ပီပီ အနီကတ်ပြ အထုတ်ခံရမှုအပေါ် ဝေဖန်ပြစ်တင်မှုနှင့် ပတ်သက်၍ ဒိုင်လူကြီးများအား ကြမ်းတမ်းစွာ စောဒကတက်မှုများကြောင့် ပြဿနာများ ဖြစ်စေခဲ့သည်ဟု ရာမွန်ကာဒီရွှန်က ပြောကြားသည်။ (အောက်ပုံ)

ပြောကြား

ရီးရဲမက်ဒရစ်အသင်းသည် ဥရောပတွင် ထိပ်တန်းအသင်း တစ်သင်းဖြစ်ကြောင်း၊ ခြေစွမ်းထက်မြက်သော ကမ္ဘာကျော်ဘောလုံးသမားများကို ပေါင်သန်း ၄၀၀ ခန့်ရင်းနှီးမြှုပ်နှံကာ တောင့်တင်းသော အသင်းဖြစ်စေရန် စုစည်းထားခြင်းဖြစ်ကြောင်း၊ ထိပ်တန်းအသင်းတစ်သင်း၏ ဂုဏ်သိက္ခာနှင့်အညီ ဒိုင်လူကြီးများ၏ အမှားများ၊ ဆုံးဖြတ်မှုများကို ရိုင်းပျစွာ တုံ့ပြန်မပြောဆိုသင့်ကြောင်း ရာမွန်ကာဒီရွှန်က ပြောကြားသည်။

(အင်တာနက်)



၂၀၁၂ ခုနှစ် အင်္ဂလန်အိုလံပစ်အသင်း၌ ဒေးဗစ်ဘက်ခမ်း ကစားလိုကြောင်းပြောကြား

လန်ဒန် မေ ၅

၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် လန်ဒန်အိုလံပစ်အားကစားပွဲတော်၌ အင်္ဂလန်ဘောလုံးအသင်းတွင် မိမိပါဝင်ကစားရန်ဆန္ဒရှိကြောင်း ဒေးဗစ်ဘက်ခမ်း(ဝဲပုံ)က မေ ၅ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

၁၉၆၀ ပြည့်နှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဗြိတိန်နိုင်ငံတွင် ကျင်းပမည့် လန်ဒန်အိုလံပစ်အားကစားပွဲတော်၌ အင်္ဂလန်ဘောလုံးအသင်းတွင် ပါဝင်ကစားရန် မိမိအနေဖြင့် ကြံ့ခိုင်မှုအပြည့်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၂ ခုနှစ် ဇူလိုင် ၂၅ ရက်၌ စတင်မည့် အိုလံပစ်အားကစားပွဲတော်၏ ဘောလုံးပြိုင်ပွဲများ ကစားချိန်တွင် ဒေးဗစ်ဘက်ခမ်းမှာ အသက် ၃၇ နှစ်ရှိပြီဖြစ်သည်။ ထို့ကြောင့် ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အိုလံပစ်ဘောလုံးအသင်းတွင် နောက်ဆုံးအနေဖြင့် ပါဝင်ကစားလိုခြင်းဖြစ်သည်။ ဘက်ခမ်းသည် အင်္ဂလန်ဘောလုံးအသင်းအတွက် ၁၁၅ ပွဲ ကစားပေးထားသူဖြစ်သည်။

(အင်တာနက်)

တိုက်စစ်မှူးယာကူဘူ အဲဗာတန်မှထွက်ခွာဖွယ်ရှိ

လန်ဒန် မေ ၅

တိုက်စစ်မှူး ယာကူဘူသည် အဲဗာတန်မှထွက်ခွာရန် အသင့်ရှိနေကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။ ၎င်းသည် အဲဗာတန်မှထွက်ခွာပြီး လီဘစ္စတာအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆက်သွယ်ထားသည်။

ပြောင်းရွှေ့

အသက် ၂၈ နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားတိုက်စစ်မှူး ယာကူဘူသည် ယခုနှစ် ဘောလုံးရာသီတွင် အဲဗာတန်အသင်းအတွက် ၁၉ ပွဲ ကစားခဲ့ပြီး ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သူသည် ၂၀၀၇ခုနှစ် ဩဂုတ်လက မစ်ဒယ်ဘရော့အသင်းမှ အဲဗာတန်သို့ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၁၁ဒသမ ၂၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

မောင်ချစ်ကြည် – ရေးသားသည်



အသင်းခေါင်းဆောင် အမ်ဘရိုစီနီ အေစီမီလန်၌ ဆက်ကစားမည်

ရောမ မေ ၅

အေစီမီလန်အသင်းခေါင်းဆောင်အမ်ဘရိုစီနီက မိမိသည် ယခုနှစ်ဘောလုံးရာသီအကုန်၌ အသင်းမှ ထွက်ခွာမည်ဟူသော သတင်းများကို ငြင်းဆိုလိုက်ပြီး အေစီမီလန်၌ ဆက်လက်ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ငြင်းဆိုထား

အသက် ၃၃ နှစ်အရွယ်ရှိ အမ်ဘရိုစီနီ**(အပေါ်ပုံ)**သည် ယခုနှစ်ဘောလုံးရာသီ၌ ဒဏ်ရာကြောင့် ပွဲအနည်းငယ်သာ ကစားပေးနိုင်ခဲ့သည်။ ၎င်းအား ခေါ်ယူလိုသောအသင်းများ၏ ကမ်းလှမ်းမှုကို ရရှိသော်လည်း ငြင်းဆိုထားသည်။

လာမည့်ဘောလုံးရာသီကုန်အထိ အေစီမီလန်၌ ဆက်လက်ကစားရန် ကြံ့ခိုင်မှုအပြည့်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်ကစားသမား မာကိုအလွန်ဆို ဘော်လ်တန်အသင်းနှင့် သုံးနှစ်စာချုပ်

လန်ဒန် မေ ၅

ရီးရဲမက်ဒရစ်မှ ဆယ်ကျော်သက်နောက်တန်းကစားသမား မာကိုအလွန်ဆို(အောက်ပုံ)အား ဘော်လ်တန်အသင်းက ပြောင်းရွှေ့ကြေးထုတ်ဖော် ပြောကြားခြင်းမရှိဘဲ သုံးနှစ်စာချုပ်လိုက်သည်။

အသက် ၁၉ နှစ်ရှိ ဘယ်နောက်ခံလူ အလွန်ဆိုသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီကစပြီး ရီးရဲမက်ဒရစ်အသင်း၏ အဓိကကစားသမား ဖြစ်လာခဲ့သည်။ ၎င်းသည် ဧပြီလက ရေဆင်းဆန်တင်ဒါ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲတွင် ပါဝင်ကစားခဲ့သည်။

၎င်းသည် ယခုနှစ်နွေရာသီတွင် ဘော်လ်တန်အသင်းသို့ရောက်ရှိလာသည့် တတိယမြောက်ကစားသမားဖြစ်သည်။ ထိုအရင်က ဘူလ်ဂေးရီးယားကွင်းလယ်ကစားသမား မာတင်ပီထရို့ဗ်သည် မန်စီးတီးမှထွက်ခွာပြီး ဘော်လ်တန်နှင့် နှစ်နှစ်စာချုပ်ချုပ်ခဲ့သည်။

ထို့အပြင် အသက် ၃၄ နှစ်အရွယ်ရှိ ရော်ဘီဘလိတ်သည်လည်း ယမန်နှစ်က တန်းဆင်းသွားသော ဘန်လေအသင်းမှ ပြောင်းရွှေ့လာခဲ့သည်။ (အင်တာနက်)

ဝီလ်ရှီယာနှင့်အင်ဒီကာရိုး အင်္ဂလန်အသင်းအတွက်ခေါ်ယူထား

လန်ဒန် မေ ၅

အာဆင်နယ်မှ ဂျက်ဝီလ်ရှီယာနှင့် လီဗာပူးတိုက်စစ်မှူး အင်ဒီကာရိုးတို့သည် အသက် ၂၁ နှစ်အောက် ဥရောပချန်ပီယံရှစ်(U-21)အတွက် အင်္ဂလန်အသင်းတွင် ပါဝင်လာသည်။ ယင်းတို့နှစ်ဦးအား နည်းပြစတုအတ်ပီယာ့စ်က လူငယ်ကစားသမား ၄၀ ခေါ်ယူခဲ့ရာ၌ ထိပ်တန်းကစားသမားခြောက်ဦးတွင် ပါဝင်သည်။ **(အပေါ်ပုံ)**

အသက် ၂၁ နှစ်အောက် ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲများကို လာမည့် ဇွန် ၁ရက်တွင် ဒိန်းမတ်နိုင်ငံ၌ကျင်းပမည်ဖြစ်သည်။ နည်းပြစတုအတ်ပီယာ့စ်အနေဖြင့် ထိုရွေးချယ်ထားသော ကစားသမား ၄၀ အနက် ၂၃ ဦးကိုသာ ကစားမည့်အချိန်နီးခါနီးတွင် ရွေးချယ်မည်ဖြစ်သည်။ **(အင်တာနက်)**

မန်ယူတို့ ရှော်လ်ကေးကိုနိုင်၊ ဘာစီလိုနာနှင့် ဗိုလ်လုပွဲကစားရမည်

မြင့်မောင်စိုး ➢ စုစည်းသည်

လန်ဒန် မေ ၅

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပြိုင်ပွဲအဖြစ် မေ ၅ ရက် နံနက်ပိုင်းတွင် မန်ယူ အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ဂျာမန်ကလပ် ရှော်လ်ကေးအသင်းကို လက်ခံကစားခဲ့ရာ မန်ယူတို့ လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မန်ယူအသင်းသည် ရှော်လ်ကေးကို ဂျာမနီမြေပေါ်၌ ပထမအကျော့ကစားစဉ် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထား၍ အသာစီးကစားနိုင်ခဲ့သည်။

အနိုင်ရ

မန်ယူအတွက် အဖွင့်ဂိုးကို ဗလင်စီယာက ပွဲစပြီး ၂၆ မိနစ်အကြာတွင် သွင်းယူခဲ့သည်။ ဒုတိယအနိုင်ဂိုးကိုတော့ ဂစ်ဆင်က ပွဲချိန် ၃၁ မိနစ်တွင် သွင်းယူနိုင်ခဲ့သည်။ ရှော်လ်ကေးတို့ တန်ပြန်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၃၅ မိနစ်တွင် ဂျူရာဒိုက ရှော်လ်ကေးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်မန်ယူကစားကွက်ပိုကောင်းလာသည်။ ပွဲချိန် ၇၂ မိနစ်နှင့် ၇၆ မိနစ်တို့တွင် အန်ဒါဆင်က မန်ယူအတွက် နှစ်ဂိုးထပ်မံသွင်းယူခဲ့၍ ပွဲအပြီး မန်ယူက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မန်ယူတို့ ပထမအကျော့နှင့် ဒုတိယအကျော့ နှစ်ကျော့ပေါင်း ခြောက်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ယမန်နေ့က ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ ကစားသည့် ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ သို့သော် ဘာစီလိုနာက ပထမအကျော့တွင် နှစ်ဂိုးအနိုင်ရထား၍ နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ မန်ယူနှင့် ဘာစီလိုနာတို့သည် ဗိုလ်လုပွဲအဖြစ် လာမည့် မေ ၂၈ ရက်တွင် လန်ဒန်မြို့ ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(အင်တာနက်)**

မန်ယူအသင်းမှ အန်ဒါဆင် ရှော်လ်ကေးဘက်သို့ ဂိုးသွင်းအပြီး မန်ယူကစားသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား JICA ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ဌာနေကိုယ်စားလှယ် Mr.Hideo MIYAMOTO သည် မေ ၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား JICA ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၅

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ဌာနေကိုယ်စားလှယ် Mr. Hideo MIYAMOTO သည် မေ ၄ ရက် နံနက် ၁၁နာရီက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဒီရေတောများ ထိန်းသိမ်းရေးနှင့် အပူပိုင်းဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် JICA မှ ပူးပေါင်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းလာရေး စီးပွားရေးအင်အားစုအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၅

သမဝါယမဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အားပေးပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့်လည်း ကျေးလက်ဒေသတွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က မေ ၄ ရက် နံနက် ၁၀ နာရီတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဒက္ခိဏသီရိမြို့နယ်၌ နှမ်းစပါး ၆၄၄ ဧကစိုက်ပျိုးပြီးစီး

နေပြည်တော် မေ ၅

နေပြည်တော်ကောင်စီ နယ်မြေအတွင်း နွေစပါးစိုက်ပျိုးမှုလျာထား ဧကအပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေး၊ နည်းစနစ်မှန်ကန်စွာဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးတို့အတွက် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်သည် ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ရပ်မိရပ်ဖများ၊ နွေစပါးစိုက် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နွေစပါး စိုက်ပျိုးမှု၊ မြေပြုပြင်မှု၊ စိုက်ပျိုးရေရရှိမှုနှင့် မျိုးကောင်းမျိုးသန့်ရွေးချယ်၍ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်မှုတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျွန်းတက်ပဲ့ ကျေးရွာအုပ်စု ဆည်စုကျေးရွာအနီး ဒက္ခိဏသီရိမြို့နယ် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ကျားကူး (ချောင်းပိတ်ဆည်) တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုနှင့် ချိုင်းကျေးရွာအုပ်စုတို့ရှိ နွေစပါး စိုက်ဧကများသို့ စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသော ငလိုက်ဆည် DY-2 တူးမြောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ချိုင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးလှမြင့်၏ နွေစပါး အတန်းလိုက် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးထုတ်လုပ်

ဒက္ခိဏသီရိမြို့နယ်အတွင်းနွေစပါး စိုက်ပျိုးရန် ၉၀၅ ဧက လျာထားခဲ့ရာ ၆၄၄ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှူလာစို့

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေး ကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စန်းလရောင်ခြည်စာကြည့်တိုက် ပုဏ္ဏားကျွန်းမြို့၌ဖွင့်

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့ မြို့မ ပရိယတ္တိကျောင်းတိုက်အတွင်းရှိ စန်းလရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့မျက်နှာစာ၌ ကျင်းပရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးဝင်းမြိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လက်ခံယူ

ဆက်လက်ပြီး အဝေးရောက်စေတနာရှင်များက မတည်လှူဒါန်း ငွေကျပ် သိန်း ၄၀ နှင့် စာအုပ်စာစောင်များအား အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးမောင်ကျော်အေးကလည်းကောင်း၊ ပြည်နယ်ဦးစီးမှူး ဦးဝင်းမြိုင်က သတင်းစာတစ်နှစ်စာအတွက်လှူဒါန်း ငွေကျပ် ၁၈၀၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက လှူဒါန်းငွေကျပ် ၂၀၀၀၀၊ ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်က အလှူငွေကျပ် ၃၆၀၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှဘော်သူက ဒို့ကျေးရွာ ဂျာနယ် တစ်နှစ်စာအတွက် အလှူငွေကျပ် ၁၂၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းစုလှိုင်ကအလှူငွေကျပ် ၁၀၀၀၀နှင့် ဂျာနယ်စာစောင်များ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်ဦးက ငွေကျပ် ၁၀၀၀၀နှင့် မြို့နယ်စာပေကော်မတီဥက္ကဋ္ဌ ဦးအောင်လှသံက ငွေကျပ် ၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးဝမြို့နယ် ယောစုကျေးရွာ၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ယောစုကျေးရွာ ပန်းပျိုးလက်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၄ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိန်သွင်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယောစုကျေးရွာ ပန်းပျိုးလက် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲတွင် ကလေးဝမြို့နယ် ဌာနဆိုင်ရာများ၊ အလှူရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက်လှူဒါန်း ငွေကျပ် ၅၀၀၀၀၊ သုတရသစာအုပ် ၁၃၀နှင့် ဂျာနယ်မျိုးစုံ ၉၅စောင်ကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာပန်းခင်းစာကြည့်တိုက် မုဒုံမြို့ စိန်တောင်ကျေးရွာ၌ဖွင့်

မုဒုံမြို့နယ် စိန်တောင်ကျေးရွာ ပညာပန်းခင်းစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးပန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

လက်ခံယူ

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလှူရှင် ဦးဘအေး-ဒေါ်ခင်သန်းရီက တန်ဖိုးငွေကျပ် ၈၀၀၀၀ တန် ဗီရိုတစ်လုံး၊ ဦးဘိုးရိမ်က ငွေကျပ်တစ်သောင်း၊ ဦးသာရင်က တိုင်ကပ်နာရီတစ်လုံး၊ ဦးဘမောင်က စာအုပ်မျိုးစုံ ၅၅၉အုပ်တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဧပြီ ၂၈ရက်ကအလှူရှင် ဦးမောင်မောင်မြင့်အေး (လာဘ်မိုးရွှေစာပေ)က ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ် ၁၀၀၊ ဦးစိုးမြင့် (အဏ္ဏဝါစိုးမိုး)က ငွေကျပ် ၄၅၃၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၁၇၇ အုပ်နှင့် ပြက္ခဒိန် ၉၉ စောင်တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

ရှေးဟောင်းသုတေသနပညာရှင်များတွေ့ရှိသည့် အစဉ်အလာကြီးသော အီရန်ယဉ်ကျေးမှု

တိုး ရေးသားသည်

အီရန်ယဉ်ကျေးမှုကား သမိုင်းကြောင်းရှည်လျားပြီး ထင်ရှားခဲ့သည်။

"အီရန်"ဟူသော အမည်ကို ကြားလိုက်ရုံဖြင့် လူအမျိုးမျိုး စိတ်အထွေထွေကြောင့် မတူထူးခြားသော ခံစားချက်များဖြင့် သတိရကြမည်မှာ အမှန်ပင်။ ယနေ့ခေတ်တွင် အထူးသဖြင့် မီဒီယာများ၏ ကျေးဇူးကြောင့် အီရန်ဟူသည့်အသံကို ကြားသောအခါ အမေရိကန်နှင့် ဥရောပတိုက်သားအများစုမှာ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ရှေးဦးစွာ စဉ်းစားမိကြပါလိမ့်မည်။

သို့သော် ကွန်ပျူတာတွင် သတင်းအချက်အလက်များ စုဆောင်းပြီး ၂၄ နာရီပတ်လုံး သတင်းပေးပို့နေသည့် ခေတ်မတိုင်မီက အီရန်နိုင်ငံ၏ပုံရိပ်များမှာ ယနေ့ခေတ်နှင့် လုံးလုံးခြားနားပါသည်။

ကြားယောင်

ဥပမာဆိုပါစို့။ ယနေ့အီရန်၏ ၁၉ ရာစုနှစ်က အမည်ကို "ပါရှား" ဟူ၍ ကြားကြသောအခါ အနောက်နိုင်ငံသားများ၏ စိတ်အစဉ်ဝယ် ရတနာစီခြယ်ထားသော ပိုးကော်ဇောများ၊ ရွှေဇဝါ၊ ငွေဇဝါများဖြင့် အနုစိတ် ရေးခြယ်ထားသော ကဗျာ

ပါရှားအင်ပါယာ ခေတ်က သုံးစွဲခဲ့သည့် ဒင်္ဂါး တစ်ပြားကို ဤသို့ တွေ့ရသည်။ (အင်တာနက်-ဓာတ်ပုံ)

ပါရှားအင်ပါယာခေတ်က တည်ရှိခဲ့သော အီရန်နိုင်ငံရှိ ရှေးဟောင်း အဆောက်အအုံတစ်ခုကို ဤသို့ တွေ့ရသည်။

စာအုပ်များ၊ညတေးသီငှက်၏ ဆွတ်ပျံ့ဖွယ်သီချင်းသံများကို မြင်ယောင်၊ ကြားယောင်နေမည်ဖြစ်ပါသည်။ ထို့ပြင် သဲကန္တာရအထက် လင်းလက်နေသော မိုးကုပ်စက်ဝိုင်းဆီမှ တံလျှပ်များ၊ ရေပန်းများမှ ရေမှုန်ရေမွှားများကြောင့် အေးမြနေသည့်အပြင် စံပယ်ပန်းရနံ့များ၏ မွှေးပျံ့သော ရနံ့နှင့်အတူ ပါရှားဥယျာဉ်များကိုလည်း မြင်ယောင်လာမည်ဖြစ်ပါသည်။

ထိုထိုသော ပုံရိပ်များသည် ၁၉ ရာစု အရှေ့တိုင်းယဉ်ကျေးမှုကို လေ့လာသူတို့၏ စိတ်ကူးမှ ပေါ်ထွက်လာသည့်အရာများ မဟုတ်ပါချေ။ ထိုစဉ်ကလည်း ထင်ရှားခဲ့၊ ယခုတိုင်လည်း တည်ရှိဆဲဖြစ်သည်။ အီရန်နိုင်ငံနှင့် တစ်သားတည်းရှိသော ယဉ်ကျေးမှုပုံရိပ်များပင်ဖြစ်သည်။ အံ့ဖွယ်ပိုးကော်ဇောများကို အီရန်၌ ယနေ့တိုင်လက်ဖြင့် ရက်လုပ်နေသည်။ ကဗျာစာအုပ်များကိုလည်း တွေ့နိုင်ပါသည်။ ထို့အပြင်ပူပြင်းသော သဲကန္တာရနေရောင်ခြည်အောက်ဝယ် ဝင်ရောက်ခိုနားသူအပေါင်းအား နှလုံးစိတ်ဝမ်းအေးချမ်းသွားစေသည့် သင်းပျံ့သော ပါရှားဥယျာဉ်များမှာ ပြည်သူပိုင်ရော၊ ပုဂ္ဂလိကပိုင်ပါ လက်ညှိုးထိုးမလွဲ ရှိနေသေးသည်။

အီရန်ယဉ်ကျေးမှုသည် တစ်ထောင့်တစ်ညပုံပြင် ယဉ်ကျေးမှုထက်ပိုပြီး ကျယ်ပြန့်ပါသည်။ အီရန်ယဉ်ကျေးမှုကို နောက်ဆုံး နိုင်ငံရေးပြိုကွဲမှုဘောင်အတွင်း ကန့်သတ်၍ ရုတ်တရက်ရှုမြင်သူတချို့ ရှိကောင်းရှိမည်။ တချို့ကလည်း အီရန်ယဉ်ကျေးမှုကို ကာလတစ်ခုတွင် ကန့်သတ်ထားရှိကောင်းထားရှိခဲ့ပါလိမ့်မည်။ တချို့ကလည်း ကော်ဇောပုံနှင့် အလာဒင်မီးအိမ်ဖြင့် ပြီးဆုံးသည့် နတ်သမီးပုံပြင်အဆင့်သာ ရှုမြင်ကောင်း မြင်ပါလိမ့်မည်။ ထိုရှုမြင်ယူဆချက်များမှာ ပါစင်အောင်မှားယွင်းပါသည်။ ထိုခေတ်နှင့် စပ်လျဉ်း၍ ခေတ်နောက်ကျပြီး အဂတိလိုက်စားမှုများပြားကာ ဦးဆောင်ဦးရွက်မပြုနိုင်မှုနှင့် သက်ဦးဆံပိုင်ဆန်မှုတို့ကို လူအချို့က ဇောင်းပေးဖော်ပြထားသည်။

ရှေးဟောင်းသုတေသန ပညာရှင်များ၏ တူးဖော်လေ့လာတွေ့ရှိချက်များမှာ အထက်ဖော်ပြပါအချက်များနှင့် လွဲမှားဆန့်ကျင်ကြောင်း တွေ့ရသည်။

ပါရှားအင်ပါယာမှာ လစ်ဗျားမှ အာဖဂန်နစ္စတန်သို့လည်းကောင်း၊ ရုရှားမြက်ခင်းလွင်ပြင်မှ အိန္ဒိယနိုင်ငံသို့လည်းကောင်း ကျယ်ပြန့်ပြီး ပြည်နယ် ၁၂၇ ခုဖြင့် ဖွဲ့စည်းထားသည်။ ပါရှားအင်ပါယာ ဘုန်းမီးနေလ တောက်ပစဉ်က အာရှ၊ အာဖရိကနှင့် ဥရောပတိုက် သုံးတိုက်ကို ပေါင်းကူးပေးနိုင်သည့်အပြင် ထိုမျှ ကျယ်ပြန့်သည့် အင်ပါယာကြီးကို နိုင်နင်းစွာ အုပ်ချုပ်နိုင်ခဲ့သည်။ အင်ပါယာလက်အောက်ခံနိုင်ငံများတွင် အများအပြားမှာ မိမိဆန္ဒအလျောက် ပူးပေါင်းခိုလှုံကြခြင်းဖြစ်သည်။

ထိုခေတ်က မြို့ပြနိုင်ငံများမှာ အစဉ်သဖြင့် တိုက်ခိုက်ခြိမ်းခြောက်ခံနေရသည်။ အန္တရာယ်များသည်။ စစ်ဖြစ်ပြီဆိုလျှင် တစ်နိုင်ငံလုံး ပျက်လျှင်ပျက်၊ သို့မဟုတ်ပါက ကျွန်ဇာတ် အသွင်းခံရတတ်သည်။ ပါရှားအင်ပါယာအဖွဲ့ဝင် နိုင်ငံများကို ပါရှားစစ်တပ်က အကာအကွယ်ပေးသည်။ လမ်းမကြီးများဖြင့် အချင်းချင်းကွန်ရက်ဖွဲ့ ဖောက်လုပ်ပေးခြင်းဖြင့်လည်း ဆက်သွယ်ရေး လွယ်ကူစေသည်။ ရောင်းဝယ်ဖောက်ကားနိုင်သည်။ ဆုဆာမှ ဆာဒစ်သို့ ဖောက်ထားသည့် အဝေးပြေးလမ်းမကြီးမျိုးမှာ ကီလိုမီတာပေ ၂၅၀၀ ရှည်သည်။ လမ်းတစ်လျှောက် ဓားပြရန် မကြောက်ရပေ။ ရှေးယခင်က မကြားပင်မကြားဖူးသည့် လွတ်လပ်မှုနှင့် လုံခြုံမှုကို ပါရှားအင်ပါယာ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ လက်တွေ့ခံစားရကြောင်း ပေါ်လွင်သည်။

ထိန်းသိမ်း

ထို့အပြင် ပါရှားပြည်သူတို့မှာ အလွန့်အလွန် သည်းခံတတ်သောသူများဖြစ်ပြီး တိုက်ယူလို့ဖြစ်စေ၊ ဆန္ဒအလျောက် ပူးပေါင်းလာ၍ဖြစ်စေ ပါရှားအင်ပါယာအတွင်း ဝင်ရောက်သည့်နိုင်ငံတိုင်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခြင်း၊ ကိုယ့်ဘာသာကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းခွင့်ပေးသည်ကိုလည်း ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိသည်။

အသက် ငါးနှစ်နှင့် အသက် ၂၀ အတွင်း ပါရှားလူငယ်များသည် မြင်းစီးအတတ်၊ လေးအတတ်များ တတ်ရမည့်အပြင် မှန်သောစကားကိုသာ ပြောဆိုရမည်ဟု သတ်မှတ်ချက်ရှိကြောင်း ဂရိသမိုင်းပညာရှင် ဟီရိုဒိုးတပ်က ဝန်ခံရေးသားထားသည်။

အီရန်သမိုင်းနှင့် ပတ်သက်၍ မည်သို့သော ဘက်လိုက်ရေးသားသည့်သမိုင်းရှိစေကာမူ ရှေးဟောင်းသုတေသနပညာရှင်များ၏ တွေ့ရှိဖော်ထုတ်ချက်အရ အီရန်(ပါရှား) ယဉ်ကျေးမှုသည် အစဉ်အလာကြီးမားနက်ရှိုင်းစွာ တည်ရှိနေဆဲဖြစ်ပါကြောင်း….။ ။

ကန်ကြီးထောင့် မေ ၅

စုပေါင်းလှူဒါန်းပွဲ ကန်ကြီးထောင့်၌ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၅)ရပ်ကွက် မာလာကုန်း သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်၏ စုပေါင်းလှူဒါန်းပွဲနှင့် ရဟန်းခံရှင်ပြုပွဲကို ဧပြီ ၁၂ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်အတွင်းကျင်းပရာ အဆိုပါအခမ်းအနားတွင် အလှူရှင် အမှတ်(၃၅) အောင်သိဒ္ဓိဆန်စက်ပိုင်ရှင် ဦးမောင်မောင်ခင်နှင့် ဒေါ်ခင်မြင့်မြင့်မိသားစုတို့က ဦးဆောင်မတည်၍ မာလာကုန်းရပ်ကွက်မှ အလှူရှင်များ စုပေါင်းကောင်းမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သော ငွေကျပ် ၃၂၅ သိန်းတန်ဖိုးရှိ သိဒ္ဓိမာလာဘောဇနဆောင်ကို ရေစက်ချခဲ့ပြီး စုပေါင်းရဟန်းခံရှင်ပြုပွဲ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ချောက်မြို့နယ် မြို့ရေပေးဝေရေးအတွက် မြစ်ရေတင် ရေစက်ရုံနှင့်မော်တာများ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငန်းတေးကျေးရွာအဝင်လမ်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မေ ၁ ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးနေလင်းအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းများကို ဧပြီ ၈ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်ရှိ မြို့မဈေးအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဧပြီ ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် ကမ်းနားလမ်းရှိ မြေယာရှုခင်းအလှများ ပြုလုပ်နေခြင်းကို ဧပြီ ၂၆ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

မြန်မာ့အလင်းသတင်းစာ

သတင်း၊ သတင်းဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးနှင့်ကြော်ငြာပေးပို့လိုသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ပါသည်-

နေပြည်တော်
မြန်မာ့အလင်းသတင်းစာတိုက်
ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်
နေပြည်တော်ခရိုင်
ဖုန်း - ၀၆၇- ၃၆၁၄၂
၀၆၇- ၃၆၁၄၈
FAX - ၀၆၇-၃၆၁၄၁
- ၀၆၇-၃၆၁၄၆
e-Mail - mmalin.npt @ gmail. com

ရန်ကုန်(ရုံးခွဲ)
မြန်မာ့အလင်းသတင်းစာတိုက်
အမှတ် (၅၃) ၊ နတ်မောက်လမ်းသွယ် (၁)၊
ဗဟန်းမြို့နယ်
ရန်ကုန်မြို့
ဖုန်း - ၀၁-၅၄၅၈၃၄
၀၁-၅၄၄၃၁၄
၀၁-၅၄၄၃၁၅
၀၁-၅၄၄၃၀၉
FAX - ၀၁-၅၄၁၂၇၁
- ၀၁-၅၄၆၂၂၁

အောင်စကြာဓမ္မရိပ်သာ(၂)နာရီတရားစခန်းပွဲ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) အောင်စကြာဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို အခြေခံမှစ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏မူအတိုင်း မေ ၂၄ ရက်မှ ၃၀ ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၈ နာရီအတွင်း တရားဟောတရားပြ၍ လက်တွေ့ ၁ နာရီ အားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နိုင်ကြပါသည်။

တည်ဆောက်ဆဲလေးထပ်ဓမ္မာရုံကြီးအတွက်လှူဒါန်းနိုင်

မျက်နှာကြက်(၁၀×၁၀)ပေကို ငွေကျပ်၁၂သိန်း၊ လျှာထိုးကြမ်းခင်း (၁၀×၁၀) ပေကို ငွေကျပ်၃၅၀၀၀၀၊ တိုင်တစ်လုံးကို ငွေကျပ်၁၀သိန်း၊ (၂၀×၁၅)ပေနံရံ တစ်ကွက်ကို ငွေကျပ်၂၅သိန်း၊ စကြံပေါင်းကူးတံတားငွေကျပ်သိန်း၁၀၀၊ မျက်နှာသစ်ရေစင်တစ်ခု ငွေကျပ်ကိုးသိန်း၊ စတီးလ်ဝရန်တာ တစ်ခန်းကို ငွေကျပ်လေးသိန်း၊ ခြံစည်းရိုး တံတိုင်းတစ်ခန်းကို ငွေကျပ်သုံးသိန်း စသည် လှူဒါန်းနိုင်ပါပြီ။

ဆက်သွယ်ရန်ဖုန်း-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀။

သတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်သော ဒေါ်ခင်ဖုန်းမြင့်(ခ)ဒေါ်ခင်အုန်းမြင့် ၁၂/မဘန(နိုင်)၀၇၁၁၂၈၊ ဒေါ်ဝင်းမြင့် ၁၂/လကန(နိုင်)၂၂၁၈၉၁၊ ဒေါ်တင်တင်ဆင့် ၁၂/မဘန(နိုင်)၀၆၉၇၂၄၊ ဦးထွန်းဝေ ၁၂/မဘန(နိုင်)၀၉၁၈၀၄တို့၏ အထွေထွေကိုယ်စားလှယ်စာရရှိသူဦးတင်လှ ၁၂/တမန(နိုင်)၁၀၂၄၀၅နှင့် ဦးရာဟွမ်ဟမ်ဒ် ၁၂/မဂတ(နိုင်)၀၇၃၄၆၆တို့၏ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်များက ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ စာချုပ်အမှတ်၇၈၂/၈၈အရပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-အေ)၊ လူနေရပ်ကွက်အမှတ်-နံ့သာကုန်း၊ မြေကွက်အမှတ်၇၊ ဧရိယာ၀.၁၃သမ၃၆၄ဧကရှိ မြေပိုင်မြေကွက်ပေါ်တွင်နေထိုင်သော ဦးတင့်ဆွေ-ဒေါ်လှကြူတို့မှလွဲ၍ အခြားသူများအနေဖြင့် ကျွန်ုပ်အမှုသည်မြေပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ နေအိမ်ပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြင်ဆင်ခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ မြေကွက်များကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ဦးတင်လှနှင့်ဦးရာဟွမ်ဟမ်ဒ်တို့၏ ညွှန်ကြားချက်အရ-

ဦးအောင်သန်း B.Com, R.L, D.E.P
တရားလွှတ်တော်ရှေ့နေ(၂၈၀၉)

ဦးမောင်မောင်တင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(၃၃၃၆)

အမှတ်၅၀၊ ပထမထပ်၊ A-7၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၅၂၄၃၂၁၊ ၀၉-၅၀၇၀၈၇၀။

အမည်ပြောင်း

ဦးသန်းအောင်၏သား အထက-၂ စစ်တွေ၊ ဆဋ္ဌမတန်း(A)မှ မောင်ဘုန်းမြတ်ထူးအား မောင်ဖြိုးခန့်စည်သူဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးခန့်စည်သူ။

အမည်ပြောင်း

ဦးကျော်ဦး၏သမီး ဘဲကုန်း အမက တတိယတန်း(အောင်)မှ မမိုးယုနွယ်အား မမေသူလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မမေသူလွင်။

မှတ်ပုံတင်အမှန်

အထက-၁ မြောက်ဥက္ကလာ၊ ဆဋ္ဌမတန်းမှ မောင်မင်းသီဟနှင့် အမက-၆ မြောက်ဥက္ကလာ တတိယတန်းမှ မောင်ကောင်းဝေယံ၊ မရွှန်းလဲ့ဟန်တို့၏ အဖ ဦးဟန်ထွန်းဦး၏ မှတ်ပုံတင်အမှတ်အမှန်မှာ ၁၂/ဥကတ(နိုင်)၀၀၀၇၇၇ဖြစ်ပါသည်။

ဦးဟန်ထွန်းဦး
၁၂/ဥကတ(နိုင်)၀၀၀၇၇၇။

ပါမောက္ခဦးကျော်ညွှန့်(ငြိမ်း)၏ စာမူကိစ္စနှင့်စပ်လျဉ်း၍

အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေပါမောက္ခဦးကျော်ညွှန့်(ငြိမ်း)၏ စာမူကိစ္စအဝဝနှင့်စပ်လျဉ်း၍ ၁-၅-၂၀၁၁ရက် မြန်မာ့အလင်းသတင်းစာနှင့် ၃-၅-၂၀၁၁ရက် ကြေးမုံသတင်းစာတွင် အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းစာမူကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

ဒေါ်တင်တင်မြနှင့် ဒေါ်တင်မာလာ
အမှတ်၂၆၊ နေသိဒ္ဓိလမ်း၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၅၇၀၁၁၀၊ ၀၉-၈၆၂၄၂၅၄။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မေ ၅

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသောကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်)ကြေးမုံသတင်းစာတိုက်ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ဝက်ခြံပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက် ရောဂါဖြစ်ဝက်များ သီးခြားခွဲခြားထား

နေပြည်တော် မေ ၅

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် ဧပြီ ၂၉ ရက်က နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝက်ဝမ်းကျရောဂါနှင့် ဝက်ပုလိပ်ရောဂါ ကာကွယ်ဆေးများကို လူထုအသိပညာပေးစည်းရုံး၍ မွေးမြူသူအားလုံးက ထိုးနှံနိုင်ရေး၊ ရောဂါစူးစမ်းထောက်လှမ်းရေးနှင့်ဝက်ခြံပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရောဂါဖြစ်ဝက်များအား သီးခြားခွဲခြားထားကာ ဆေးကုသပေးရေး၊ အဖွဲ့ငယ်များခွဲ၍ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်သွားကြရေးစသည်ဖြင့် မှာကြားသည်။

မှာကြား

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်နှင့်ဆရာစံရပ်ကွက်တို့ရှိ ဝက်မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ဆေးပုံမှန်ထိုးနှံရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ

ရမည်းသင်း၌ သက်ကြီးဘိုးဘွားများအား ပူဇော် အသက် (၁၀၇) နှစ်ရှည် အဘိုး ဦးဘရှင်ပါဝင်

ရမည်းသင်း မေ ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရပ်ကွက်အသီးသီးမှ အသက် ၇၅ နှစ်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ ရန်အောင်မြင်သာသနာ့ဗိမာန်၌ ကျင်းပရာ(၁၀၇)နှစ် အဘိုးဦးဘရှင်ပါ ၁၆ ဦးနှင့် အဘွား ၃၈ ဦး ပေါင်း ၅၄ ဦးတို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဘိုးဘွားများအား တက်ရောက်လာကြသူများက မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ လက်အုပ်ချီကန်တော့ကြကာ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီနှင့် ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းကြသည်။

(၀၁၁)

မိဘနှစ်ပါးဖြစ်သော သုံးခွမြို့နယ်အသင်းဥက္ကဋ္ဌဟောင်း(ဦးရွှေထွန်း)-(ဒေါ်စိမ်းကြည်)တို့အား ရည်စူး၍ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေကြသောလူနာများအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သမီးဖြစ်သူက လှူဒါန်းရာ အလှူရှင်ကိုယ်စား သုံးခွမြို့နယ်အသင်းနာယက ဦးဆိုက်ကျင် (မြို့မ) က ပေးအပ်လှူဒါန်းစဉ်။ (၁၂၄)

ကြပ်မတ်ဆောင်ရွက်

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် မတ် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့ အမှတ်(၅) ရပ်ကွက်နေ ဦးမောင်စိုး-ဒေါ်မြူမြူလွင် (ဖွံ့ဖြိုးအောင်ဆန်စက်) မိသားစုတို့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းလှူဒါန်းသည့် ၁၉ လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၃၀ ရက်က ကျရောက်သော ကမ္ဘာ့တိရစ္ဆာန် ဆေးကုနေ့အထိမ်းအမှတ်အဖြစ် ပန်းတနော်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တိရစ္ဆာန်ဆေးကုခန်းနှင့် ကျေးရွာများတွင် ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ ပညာပေးဟောပြောခြင်းနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ကုသမှုလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဒေါက်တာဆန်းဦးနှင့် ဒုတိယဦးစီးမှူး ဒေါက်တာသန်းထိုက်အောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနား၊ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး သရုပ်ပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၀ခုနှစ် မေ ၂၄ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး မီးလောင်မှုဖြစ်ပွားရာတွင် အသက်ကိုပဓာနမထားဘဲ မီးငြိမ်းသတ်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုကြောင့် ရဲသူရိန် ဆုတံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးနှင့် ရဲကျော်စွာဆုတံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



၂၀၁၂ ခုနှစ် အင်္ဂလန် အိုလံပစ်အသင်း၌ ဒေးဗစ် ဘက်ခမ်း ကစားလိုကြောင်း ပြောကြား။ (စာ - ၁၁)



ကမ္ဘာ့အမြင့်ဆုံး ဟိုတယ် ဟောင်ကောင်၌ ဖွင့်။ (စာ - ၄)

ဂ ရမ် မီ ဆု များ ရှင် အမ် မိုင် လူ ဟာ ရစ် တေးအယ်လ်ဘမ်သစ်ထွက်ရှိ။ (စာ - ၁၀)

[illegible]

သတင်းမှတ်စု နှင့်ဓာတ်ပုံ မောင်မောင်ထွေး(သတင်းစဉ်)

နေပြည်တော် မေ ၅

နေပြည်တော်မှ ရန်ကုန်ကို အပြန်မှာ ဖွင့်လှစ်ပြီးစ ယာဉ်လိုင်းသစ်တစ်ခုနဲ့ ပြန်ခဲ့ပါတယ်။ ဝန်ဆောင်မှုအပိုင်းက လိုလေသေး မရှိတော့ စိတ်ချမ်းမြေ့ရပါတယ်။ ယာဉ်လိုင်းထွက်ချိန်၊ နားချိန်၊ ဆိုက်ရောက်ချိန်ကအစ စနစ်တကျ ကြေညာ ဝန်ဆောင်မှုပေးနေတဲ့ တာဝန်ကျ အမျိုးသမီးလေးတွေကို ကြည့်ပြီး လေယာဉ်ပျံစီးနေရသလို ခံစားမိတဲ့အထိပါ။

စာမျက်နှာ ၆ ကော်လံ ၁ ✻

မဟာဗန္ဓုလတံတားပေါ်တွင် ယာဉ်များ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ အပြိုင်အဆိုင်မောင်းနှင်ခြင်းတို့ကြောင့် တံတားအဆင်းလမ်းဆုံတွင် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိရာ သက်ဆိုင်ရာက ဤသို့ သတိပေးဆိုင်းဘုတ် စိုက်ထူထားသည်ကို တွေ့ရသည်။